http://www.dhammadownload.com

ပါဠိဘာသာကျမ်းကျင်ရေး

၁။ ငါ့ရှင်တို့၊ လောက၌ ကြောင်းကျိုးဆက်သွယ်လျက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသော စိတ်, စေတသိက်, ရုပ် ဟူသော ပရမတ်တရားများကို ဘုဒ္ဓ စတင်တွေ့ရှိတော်မူခဲ့၏။

၂။ ယင်းပရမတ်တရားများကို ပုံသဏ္ဌာန်အားလျော်စွာ ဝေါဟာရများတီထွင်၍ ရေးလူသားများ ခေါ်ဝေါ်သုံးစွဲခဲ့ကြ၏။

၃။ ငါ့ရှင်တို့၊ ဘုဒ္ဓတွေ့ရှိတော်မူသော တရားတော်များသည် လူသားတိုင်း သိသင့် လိုက်နာ ကျင့်သုံးသင့်သော တရားတော်များသာဖြစ်၏။

၄။ ဘုဒ္ဓတွေ့ရှိတော်မူခဲ့သော ယင်းတရားများကို ပါဠိပိဋကတ်ဘဏ္ဍာတိုက်ကြီး၌ သိမ်းဆည်းထား၏။

၅။ ပါဠိ ပိဋကတ်ဘဏ္ဍာတိုက်ကြီး၌ သိမ်းဆည်းထားသော သဘာဝတရားများကို ခေတ်လူသားများက "ဘာသာရေးစာပေ" ဟု သတ်မှတ်ပြီး မိမိတို့နှင့် မသက်ဆိုင်သလို သဘောထားနေကြသည်ကိုတွေ့ရ၏။

၆။ ယင်း "ဘာသာရေးစာပေ" ဟူသော ဝေါဟာရကို လူမျိုးခြားများက စတင် တီထွင်ပေးသွားကြခြင်းဖြစ်၏။

၇။ ဘုဒ္ဓတွေ့ရှိတော်မူခဲ့သော သဘာဝတရားများကို ဘာသာရေးစာပေဟု ခေါ်ဝေါ်စေခြင်းသည် ဘုဒ္ဓသာသနာတော်ကို လွန်စွာ အထိနာစေရုံသာမက လူသားများအတွက်လည်း အန္တရာယ်အများဆုံးဖြစ်၏။

၈။ ဘာသာရေးစာပေဟူသော အသိအမြင်များ ပပျောက်ပြီး ဘုဒ္ဓတွေ့ရှိတော်မူခဲ့သော တရားတော်များသည် လူသားအားလုံးနှင့် သက်ဆိုင်သော သဘာဝတရားများသာဖြစ်သည်ဟူသော အမြင်မှန်များ ဖြစ်ပေါ်လာနိုင်ရေးအတွက် ငါ့ရှင်တို့မှာ တာဝန်အရှိဆုံးဆိုတာ သတိထားမိကြရဲ့လား။

၉။ ပါဠိ ပိဋကတ်ဘဏ္ဍာတိုက်ကြီး၌ သိမ်းဆည်းထားသော အမှန်တရားများ၊ ကမ္ဘာ့လူသားများလက်ထဲသို့ ပြန်ပွားရေးအတွက် ငါ့ရှင်တို့ မဖြစ်မနေ ကြိုးစားကြရမည်သာဖြစ်၏။

၁၀။ ပါဠိ ပိဋကတ်ဘဏ္ဍာတိုက်ကြီးကို ဖွင့်လှစ်ကြည့်ရှုနိုင်ရန် ရှေးဦးစွာ ပါဠိဘာသာကျမ်းကျင်ရေးအတွက် ပါဠိဝါကျများကို နှုံ့စူး ဆရာထံ၌ ရေးသားနေရမည်။

၁၁။ သုတ္တန်, အဘိဓမ္မာ, ဝိနည်းတရားတော်များကို ကြီးမားသောင်္ကန်း လုံလ၊ ခိုင်မြဲသော သမာဓိဖြင့် ဆရာကောင်းများထံ၌ အမြဲမပြတ် ကြိုးစားနေရမည်သာဖြစ်၏။

၁၂။ ပါဠိ ပိဋကတ် ကျမ်းကျင်လာပြီးနောက် ကမ္ဘာ့လူသားတိုင်းလက်ထဲသို့ ပါဠိ ပိဋကတ်ဆိုင်ရာ အသိဉာဏ်များ ပြန့်ပွားအောင်ဆောင်ရွက်နိုင်ပါက ယနေ့ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပေါ်နေသော လူမှုရေးအနှိဉ်ဇာရုံများ ပပျောက်ပြီး ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် နေချင်စရာကောင်းသော လောကကြီး ဖြစ်လာမည်သာဖြစ်၏။

ပုသိမ်မြို့၊ ပန္ဓိမာရုံကျောင်းတိုက်



အရှင်ခေမိန္ဒ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဝုဏ္ဍါစကပဏ္ဍိတ

ပါဠိဝါကျရေးနည်း

ပထမတွဲ

စာပေအမှတ် (၂)

(စတုတ္ထအကြိမ်)

သာသနာ - ၂၅၅၃၊ ကောဇာ - ၁၃၇၁၊ ခရစ် - ၂၀၀၉

http://www.dhammadownload.com

အခန်း (၁)

(က) အခြေခံ သင်ခန်းစာ

ကြိယာမည်ပုံ

သက်ရှိသက်မဲ့ဖြစ်သော နာမ်ပုဒ်၊ နာမ်စားပုဒ်တို့၏ အပြုအမူကို ဖော်ပြသော ပုဒ်သည် ကြိယာပုဒ်မည်၏။

ကြိယာပုဒ်ဖြစ်ရန် ဓာတ်သို့ ပစ္စည်းနှင့်ဝိဘတ် ပေါင်းစပ်ပေးရ၏။

ပုံစံ ။ ။ (က) ပစတိဟူသော ကြိယာပုဒ်ဖြစ်ရန် ပစဓာတ်သို့ အပစ္စည်း နှင့် တိဝိဘတ် ပေါင်းစပ်ပေးရ၏။

(ခ) ဒါတဗ္ဗောဟူသော ကြိယာပုဒ်ဖြစ်ရန် ဒါဓာတ်သို့ တဗ္ဗပစ္စည်း နှင့် သိဝိဘတ် ပေါင်းစပ်ပေးရ၏။

ကြိယာအမျိုးအစား

ကြိယာသည် အာချာတ်ကြိယာ, ကိတ်ကြိယာဟု နှစ်မျိုးပြား၏။ ထိုတွင် စားခြင်း, သောက်ခြင်း, သွားခြင်း, လာခြင်းစသော အပြုအမူကြိယာကို ပဓာန အားဖြင့် ဟောကြားတတ်သော ကြိယာသည် အာချာတ်ကြိယာမည်၏။ အာချာတ်ကြိယာပုဒ်ဖြစ်ပေါ်ရန် ဓာတ်သို့ ပစ္စည်းနှင့် အာချာတ်ဝိဘတ် ပေါင်းစပ်ပေးရ၏။

ပုံစံ ။ ။ ယာစဓာတ်သို့ အပစ္စည်းနှင့် တိဝိဘတ် ပေါင်းစပ်ပေးသောအားဖြင့် ယာစတိ တောင်း၏ ဟူသော အာချာတ်ကြိယာဖြစ်လာ၏။

စားခြင်း၊ သောက်ခြင်း၊ သွားခြင်း၊ လာခြင်းစသော အပြုအမူကြိယာကို ပြုလုပ်တတ်သောကြောင့်လည်းကောင်း၊ စာသင်သားတို့၏ သဒ္ဒါအနက်တို့၌ ယုံမှားသံသယကို ပယ်ဖျောက်တတ်သောကြောင့်လည်းကောင်း ကိတ်ကြိယာ မည်၏။

http://www.dhammadownload.com

ကိတ်ကြိယာဖြစ်ပေါ်ရန် ဓာတ်သို့ ပစ္စည်းနှင့်နာမ်ဝိဘတ် ပေါင်းစပ် ပေးရ၏။

ပုံစံ ။ ။ ဌာဓာတ်သို့ ကိတ်ပစ္စည်းနှင့် နာမ်ဝိဘတ်(ဩ)ပေါင်းစပ်ပေးသော အားဖြင့် 'ဌိတော' ဟု ကိတ်ကြိယာ ဖြစ်၏။

အာချာတ်ကြိယာအမျိုးအစား

အာချာတ်ကြိယာသည် -

(၁) ကတ္တားဟောကြိယာ၊
(၂) ကံဟောကြိယာ၊
(၃) ဘောဟောကြိယာဟု သုံးမျိုးပြား၏။

မှတ်ချက် ။ ။ ကိတ်ကြိယာလည်း ထိုနည်းအတူ သုံးမျိုးပင် ပြား၏။ သက်ဆိုင်ရာ သင်ခန်းစာများတွင် ပုံစံများ ပါရှိကြမည် ဖြစ်၍ ဤနေရာ၌ ပုံစံသီးခြားမပြတော့ပါ ။

အာချာတ်လက္ခဏာ

အာချာတ်ကြိယာသည် -

(၁) အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟု ကာလသုံးပါးရှိ၏။
(၂) ပထမပုရိသ်၊ မဇ္ဈိမပုရိသ်၊ ဥတ္တမပုရိသ်ဟု ပုရိသ်သုံးပါးရှိ၏။
(၃) သွားခြင်း၊ လာခြင်းစသော ကြိယာကို ပဓာနအားဖြင့် ဟောကြား တတ်၏။
(၄) ကတ္တုကာရက၊ ကမ္မကာရက၊ ဘာဝကာရကဟု သုံးပါးရှိ၏။
(၅) ပုလ္လိင်၊ နပုလ္လိင်၊ ကွတ္ထိလိင်ဟု လိင်သုံးပါးမရှိ။
(၆) ဧကဝုစ်၊ ဗဟုဝုစ်ဟု ဝုစ်နှစ်ပါးရှိ၏။

အာချာတ် ဝိဘတ်အပြား

အာချာတ်ဝိဘတ်သည် -

ဝတ္တမာန်ဝိဘတ်၊ ပဉ္စမီဝိဘတ်၊ သတ္တမီဝိဘတ်၊ ပရောက္ခာဝိဘတ်၊ ဟိယျတ္တနီဝိဘတ်၊ အဇ္ဇတနီဝိဘတ်၊ ဘဝိဿန္တိဝိဘတ်၊ ကာလာတိပတ္တိဝိဘတ်ဟု ရှစ်မျိုးပြား၏။

http://www.dhammadownload.com

အာချာတ်ဝိဘတ်ရှစ်မျိုးကို -

(၁) ပရဿပုဒ်၊ အတ္တနောပုဒ်၊
(၂) ပထမပုရိသ်၊ မဇ္ဈိမပုရိသ်၊ ဥတ္တမပုရိသ်၊
(၃) ဧကဝုစ်၊ ဗဟုဝုစ်ဟု ခွဲခြားရသည်။

ပရဿပုဒ် ။ ။ နာမ၊ တုမ္ဟတည်းဟူသော သူတပါးအနက်ကို ပြတတ်သော ရှေ့ဝိဘတ် (၆)လုံးကို ပရဿပုဒ်ဟု ခေါ်၏။

အတ္တနောပုဒ် ။ ။ မိမိအနက်တည်းဟူသော အမှသဒ္ဒါ၏အနက်ကို ပြတတ်သော နောက်ဝိဘတ် (၆)လုံးကို အတ္တနောပုဒ်ဟု ခေါ်၏။

တစ်နည်း ။ ။ အလုံးစုံသော ကြိယာနှင့်ဆက်ဆံသော ပရမည်သော ကတ္တား၏ အနက်ကို ပြတတ်သော ရှေ့ဝိဘတ် (၆)လုံးကို ပရဿပုဒ်ဟုခေါ်၏။

သကမ္မကကြိယာတစ်ခုနှင့် ဆက်ဆံသော အတ္တမည်သော ကံ၏ အနက်ကို ပြတတ်သော နောက်ဝိဘတ် (၆)လုံးကို အတ္တနောပုဒ်ဟု ခေါ်၏။

ပုရိသ်နှင့် အမျိုးအစား

ကြိယာ၊ ကာလ၊ သကတ်၊ ဒြပ်၊ ဧကဝုစ်၊ ဗဟုဝုစ်၊ သခ်္ခာ၊ ကံစသော ကာရကဟု ဆိုအပ်ကုန်သော အနက်တို့ကို ပြည့်စေတတ်သောကြောင့် ပုရိသ် မည်၏။

တစ်နည်း ။ ။ ဆိုလိုရင်း ဝါကျကို ပြည့်စေတတ်သောကြောင့် ပုရိသ်မည်၏။ ထို ပုရိသ်သည် ပရဿပုဒ်၊ အတ္တနောပုဒ် နှစ်မျိုး လုံး၌ ပထမပုရိသ်၊ မဇ္ဈိမပုရိသ်၊ ဥတ္တမပုရိသ်ဟု သုံးမျိုးစီ ပြား၏။ ထိုတွင် နာမသဒ္ဒါနှင့် ယှဉ်တွဲရသော ရှေ့က ဝိဘတ်နှစ်လုံးကို ပထမပုရိသ်ဟု ခေါ်၏။ တုမ္ဟသဒ္ဒါနှင့် ယှဉ်တွဲရသော အလယ်ဝိဘတ်နှစ်လုံးကို မဇ္ဈိမပုရိသ် ဟုခေါ်၏။ အမှသဒ္ဒါနှင့် ယှဉ်တွဲရသော နောက်ဆုံးဝိဘတ် နှစ်လုံးကို ဥတ္တမပုရိသ်ဟု ခေါ်၏။

http://www.dhammadownload.com

ပရသမုဒ်၌ ပုရိသ်သုံးမျိုးခွဲပုံ

စဉ်	ဝိဘတ်	ကြိယာပုဒ်	ဝုစ်	ပုရိသ်
၁ ။	တိ	ပစတိ	ဧကဝုစ်	ပထမပုရိသ်
၂ ။	အန္တိ	ပစန္တိ	ဗဟုဝုစ်	
၃ ။	သိ	ပစသိ	ဧကဝုစ်	မဇ္ဈိမပုရိသ်
၄ ။	ထ	ပစထ	ဗဟုဝုစ်	
၅ ။	မိ	ပစာမိ	ဧကဝုစ်	ဥတ္တမပုရိသ်
၆ ။	မ	ပစာမ	ဗဟုဝုစ်	

အတ္တနောပုဒ်၌ ပုရိသ်သုံးမျိုးခွဲပုံ

စဉ်	ဝိဘတ်	ကြိယာပုဒ်	ဝုစ်	ပုရိသ်
၁ ။	တေ	ပစ္စတေ	ဧကဝုစ်	ပထမပုရိသ်
၂ ။	အန္တေ	ပစ္စန္တေ	ဗဟုဝုစ်	
၃ ။	သေ	ပစ္စသေ	ဧကဝုစ်	မဇ္ဈိမပုရိသ်
၄ ။	ဝှေ	ပစ္စဝှေ	ဗဟုဝုစ်	
၅ ။	ဧ	ပစ္စေ	ဧကဝုစ်	ဥတ္တမပုရိသ်
၆ ။	မှေ	ပစ္စာမှေ	ဗဟုဝုစ်	

မှတ်ချက် ။ ။ ကျန်ဝိဘတ်များကိုလည်း ဤနည်းအတိုင်းခွဲပါ ။

ယောဂနှင့် အမျိုးအစား

သူ၊ သင်၊ ငါဟူသော ပြုလုပ်သူ ကတ္တားပုဒ်များနှင့် ယှဉ်တွဲအသုံးပြုရသော ကြိယာပုဒ်သည် ယောဂမည်၏။

ထိုယောဂသည် နာမယောဂ၊ တုမ္ဟယောဂ၊ အမ္ဟယောဂဟု သုံးမျိုးပြား၏။

ထိုတွင် -

တုမ္ဟ အမ္ဟသဒ္ဒါတို့မှ တစ်ပါးသော သူဟူသော ပုရိသ၊ ပဂ္ဂလ စသော နာမ်ပုဒ်တို့နှင့် ယှဉ်ခြင်းသည် နာမယောဂမည်၏။

http://www.dhammadownload.com

သင်ဟူသော တုမ္ဟသဒ္ဒါနှင့် ယှဉ်ခြင်းသည် တုမ္ဟယောဂမည်၏။
ငါဟူသော အမှသဒ္ဒါနှင့် ယှဉ်ခြင်းသည် အမှယောဂမည်၏။

သဒ္ဒါ သုံးမျိုး

သဒ္ဒါသည် - (၁) နာမသဒ္ဒါ ၊
(၂) တုမ္ဟသဒ္ဒါ ၊
(၃) အမှသဒ္ဒါဟု သုံးမျိုး ပြား၏။

နာမသဒ္ဒါ ။ ။ တုမ္ဟ အမှသဒ္ဒါတို့မှ တစ်ပါးသော သဒ္ဒါအားလုံးကို နာမသဒ္ဒါဟု ခေါ်၏။

ပုံစံ ။ ။ ပုရိသော၊ ပုရိသာ စသည်၊

မြန်မာပြန် ။ ။ ပုရိသော၊ ယောက်ျားသည်၊
ပုရိသာ၊ ယောက်ျားတို့သည်၊

တုမ္ဟသဒ္ဒါ ။ ။ တုမ္ဟတည်၍ ရုပ်တွက်ရသော သဒ္ဒါများကို တုမ္ဟသဒ္ဒါဟုခေါ်၏။

ပုံစံ ။ ။ တွံ ၊ တုမှေ စသည်။

မြန်မာပြန် ။ ။ တွံ - သင်သည်၊ နင်သည်၊ မင်းသည်၊ ခင်ဗျားသည်၊ အရှင်ဘုရားသည်။

တုမှေ - သင်တို့သည်၊ နင်တို့သည်၊ မင်းတို့ သည်၊ ခင်ဗျားတို့သည်၊ အရှင်ဘုရားတို့သည်။

အမှသဒ္ဒါ ။ ။ အမှတည်၍ ရုပ်တွက်ရသော သဒ္ဒါများကို အမှသဒ္ဒါဟုခေါ်၏။

ပုံစံ ။ ။ အဟံ၊ မယံ စသည်။

မြန်မာပြန် ။ ။ အဟံ - ငါသည်၊ ကျွန်တော်သည်၊ ကျွန်မသည်၊ တပည့်တော်သည်။

မယံ - ငါတို့သည်၊ ကျွန်တော်တို့သည်၊ ကျွန်မ တို့သည်၊ တပည့်တော်တို့သည်။

မှတ်ချက် ။ ။ (က) ကတ္တားပုဒ်ကို မြန်မာပြန်ရာ၌ တို့၊ များ၊ တွေဟူသော စကားလုံးများမပါလျှင် ဧကဝုစ်ဟု မှတ်ပါ။ တို့၊ များ၊ တွေဟူသော စကားလုံးများပါလျှင် ဗဟုဝုစ်ဟု မှတ်ပါ။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

(ခ) ကြိယာပုဒ်ကို မြန်မာပြန်ရာ၌ (ကုန်၊ ကြ)ဟူသော စကားလုံးများမပါရှိလျှင် ဧကဝုစ်ဟု မှတ်ပါ။ (ကုန်၊ ကြ) ဟူသော စကားလုံးများပါရှိလျှင် ဗဟုဝုစ် ဟု မှတ်ပါ။

သဒ္ဒါနှင့်ပုရိသ် တွဲစပ်ရန်

(၁) နာမသဒ္ဒါနှင့် ပထမပုရိသ်ကို ဝုစ်တူတွဲစပ်ရမည်။
(၂) တုမှသဒ္ဒါနှင့် မဇ္ဈိမပုရိသ်ကို ဝုစ်တူတွဲစပ်ရမည်။
(၃) အမှသဒ္ဒါနှင့် ဥတ္တမပုရိသ်ကို ဝုစ်တူတွဲစပ်ရမည်။

သဒ္ဒါသုံးမျိုး ပုရိသ်သုံးမျိုး တွဲစပ်ပုံ

	သဒ္ဒါ	ပုရိသ်	ဝုစ်	သဒ္ဒါနှင့်ပုရိသ်အမည်
၁။ (က)	ပုရိသော	ဂစ္ဆတိ	ဧကဝုစ်	နာမသဒ္ဒါ ပထမပုရိသ်
(ခ)	ပုရိသာ	ဂစ္ဆန္တိ	ဗဟုဝုစ်	
၂။ (က)	တွံ	ဂစ္ဆသိ	ဧကဝုစ်	တုမှသဒ္ဒါ မဇ္ဈိမပုရိသ်
(ခ)	တုမ္ဟေ	ဂစ္ဆထ	ဗဟုဝုစ်	
၃။ (က)	အဟံ	ဂစ္ဆာမိ	ဧကဝုစ်	အမှသဒ္ဒါ ဥတ္တမပုရိသ်
(ခ)	မယံ	ဂစ္ဆာမ	ဗဟုဝုစ်	

မှတ်ချက် ။ ။ ပါဠိဝါကျရေးရာ၌ သဒ္ဒါသုံးမျိုးနှင့် ပုရိသ်သုံးမျိုး တွဲစပ်တတ်ဖို့ လွန်စွာအရေးကြီးလှ၏။ ဝါကျတစ်ခုလုံးတွင် ကတ္တားနှင့် ကြိယာသည် လိုရင်းပဓာန ဖြစ်ပါသည်။ ကတ္တားနှင့်ကြိယာ ပုဒ်မမှန်လျှင် ဝါကျတစ်ခုလုံး အသုံးချ၍မရတော့ပါ။ ထို့ကြောင့် ကတ္တားနှင့်ကြိယာကို မှန်အောင်ရေးနိုင်ရန် သဒ္ဒါ သုံမျိုး၊ ပုရိသ်သုံးမျိုး တွဲစပ်ပုံကို အထပ်ထပ် လေ့လာထား ရမည်။ ဆရာ့ထံ၌ (၇) ရက် သို့မဟုတ် (၁၅) ရက်လောက် နေ့စဉ်လေ့ကျင့်ခန်း ရေးနေရမည်။

http://www.dhammadownload.com

နေ့ စဉ် လေ့ ကျင့် ခန်း

အောက်ပါကွက်လပ်တို့ကို ဖြည့်၍ မြန်မာပြန်ပါ။

ပထမနေ့

၁။ (.....) ပစတိ၊
၂။ တုမ္ဟေ (.....)၊
၃။ (.....) ပစာမိ၊

စတုတ္ထနေ့

၁။ ပုရိသော (.....)
၂။ (.....) ဘုဥ္ဇထ၊
၃။ အဟံ - (.....)။

ဒုတိယနေ့

၁။ ပုရိသာ (.....)၊
၂။ (.....) ပစသိ၊
၃။ မယံ (.....)၊

ပဉ္စမနေ့

၁။ (.....) ပုစ္ဆန္တိ ၊
၂။ တွံ - (.....)၊
၃။ - (.....) ပုစ္ဆာမ။

တတိယနေ့

၁။ (.....) ဘုဥ္ဇန္တိ၊
၂။ တွံ (.....)၊
၃။ (.....) ဘုဥ္ဇာမ၊

ဆဋ္ဌမနေ့

၁။ အာစရိယော (.....)
၂။ (.....) ပုစ္ဆထ၊
၃။ အဟံ - (.....)

(ခ) အခြေခံ သင်ခန်းစာ

ဝါကျအဓိပ္ပာယ်

ဆိုလိုရင်း အနက်အဓိပ္ပာယ် ပြည့်စုံစွာ ဖော်ပြထားသော ပုဒ်အပေါင်း သည် ဝါကျမည်၏။ ထိုဝါကျတွင် နာမ်ပုဒ်နှင့်ကြိယာပုဒ် ပါရ၏။

ပုံစံ ။ ။ (က) ပုရိသော ဂါမံ ဂစ္ဆတိ။
မြန်မာပြန် ။ ။ ယောကျ်ားသည် ရွာသို့သွား၏။
(ခ) တွံ ဂါမံ ဂစ္ဆသိ။
မြန်မာပြန် ။ ။ သင်သည် ရွာသို့သွား၏။

http://www.dhammadownload.com

ဝါကျအမျိုးအစား

ဝါကျသည် (၁) သုဒ္ဓဝါကျ၊
(၂) မိဿကဝါကျဟု နှစ်မျိုးပြား၏။

ထိုတွင် အပြုအမူ ကြိယာတစ်ခုတည်းသာပါသော ဝါကျသည် သုဒ္ဓဝါကျမည်၏။

ပုံစံ ။ ။ ပုရိသော ဂါမံ ဂစ္ဆတိ။

မြန်မာပြန် ။ ။ ယောကျ်ားသည် ရွာသို့သွား၏။

ဤဝါကျ၌ သွားတတ်သောသူ၊ သွားရာဌာန၊ သွားခြင်းအပြုအမူ ကြိယာ သက်သက်သာပါ၏။ ထို့ကြောင့် ယင်းဝါကျမျိုးကို သုဒ္ဓဝါကျဟု ခေါ်၏။

တွာ, တုံ စသောအပြုအမူပါသော ဝါကျသည်လည်းကောင်း၊ ယဒိ, သစေ စသော ရှေ့ဆက်ပါသော ဝါကျသည်လည်းကောင်း၊ ယာဝ, တာဝ စသော ရှေ့နောက်ဆက်သော ဝါကျသည်လည်းကောင်း မိဿကဝါကျ မည်၏။

ပုံစံ ။ ။ (က) အဟံ ဩဒနံ ပစိတွာ ဘုဉ္ဇာမိ။

မြန်မာပြန် ။ ။ ငါထမင်းချက်ပြီးနောက် စား၏။

(ခ) အဟံ ဩဒနံ ဘုဉ္ဇိတုံ ပစာမိ။

မြန်မာပြန် ။ ။ ငါထမင်းစားရန် ချက်၏။

(ဂ) ယဒိ သော ကမ္မံ ကရိဿတိ၊ သော ဓနံ လဘိဿတိ။

မြန်မာပြန် ။ ။ သူအလုပ်လုပ်လျှင် ဥစ္စာရလိမ့်မည်။

(ဃ) သစေ သော အာဂစ္ဆတိ၊ အဟံ ဂမိဿာမိ။

မြန်မာပြန် ။ ။ သူလာလျှင် ငါသွားမည်။

(င) ယာဝါဟံ အာဂစ္ဆာမိ၊ တာဝ ဧတေ ဝသာဟိ။

မြန်မာပြန် ။ ။ ငါလာသည့်တိုင်အောင် သင် အိမ်၌နေပါ။

ကတ္တား, ကံ, ကြိယာ

၁။ ပြုလုပ်တတ်သူကို ကတ္တားဟုခေါ်၏။

၂။ ယင်းကတ္တားပုဒ်ကို . . .

သည်၊ ကား၊ က၊ ဟာ၊ မှာ၊ အနေနဲ့ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

၃။ ပြုလုပ်ခံရသော အရာဝတ္ထုကို ကံဟုခေါ်၏။
၄။ ယင်းကံပုဒ်ကို . . . . . ကို၊ သို့ ဟုမြန်မာပြန်ရ၏။
၅။ ပြုလုပ်ခြင်းစသော အမူအရာကို ကြိယာဟုခေါ်၏။
၆။ ယင်းကြိယာပုဒ်ကို . . .
၏၊ သည်၊ တယ်၊ ပြီ၊ လတ္တံ့ စသည်ဖြင့် မြန်မာပြန်ရ၏။

မြန်မာပုံစံများ

(၁) ယောက်ျားသည် အလုပ်ကို လုပ်နေ၏။
(၂) မိန်းမကား ထမင်းကို ချက်နေသည်။
(၃) ကိုရင်က စာကျက်နေသည်။
(၄) ဆရာက မင်းကိုပြောနေတယ်။
(၅) ဝက်တွေဟာ စပါးခင်းကို ဖျက်ခဲ့ကြပြီ။
(၆) ရဟန်းမှာ တစ်ပါးတည်း နေရလတ္တံ့။
(၇) မင်းအနေနဲ့ တရားကိုသာ အားထုတ်ပါ။

ပုဒ်ခွဲပုံ

ယောက်ျားသည် - ဟူသောပုဒ်ကို ကတ္တားပုဒ်ဟု မှတ်ပါ။
အလုပ်ကို - ဟူသောပုဒ်ကို ကံပုဒ်ဟု မှတ်ပါ။
လုပ်နေသည် - ဟူသောပုဒ်ကို ကြိယာပုဒ်ဟု မှတ်ပါ။

ဝါကျရေးနည်း

အမှတ် (၁) သင်ခန်းစာ

အာချာတ်ကတ္တားဟော ဝါကျရေးနည်း

၁။ ဝါကျတစ်ခုလုံးတွင် နောက်ဆုံး ကြိယာပုဒ်၌ -
အပ်၊ သင့်၊ ထိုက်၊ ခြင်း၊ ရာ စသော စကားလုံးများ မပါသော ဝါကျကို ကတ္တားဟောဝါကျဟု ခေါ်သည်။

http://www.dhammadownload.com

၂။ အာချာတ်ကတ္တားဟော ဝါကျ၌ -

(က) ကတ္တားပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးပါ။

(ခ) ကံပုဒ် ကို ဒုတိယာဝိဘတ်ဖြင့်ရေးပါ။

(ဂ) ကြိယာပုဒ်ကို ပရသမပုဒ် ဝိဘတ်ဖြင့် ရေးပါ။

(ဃ) ကတ္တားနှင့် ကြိယာပုဒ်ကို သဒ္ဒါ၊ ပုရိသ်၊ ဝုစ် တူအောင်ရေးပါ။

မှတ်ချက် ။ ။ မြန်မာဝါကျကို ပါဠိစီကုံးရာ၌ နောက်ဆုံးကြိယာပုဒ်ကို လှမ်းကြည့်ပြီး မှ ကတ္တားပုဒ်၊ ကံပုဒ်တို့ကို ပါဠိစီကုံးပါ။ ကတ္တားပုဒ်ကို ကြည့်၍ ကြိယာပုဒ်ကို ပါဠိစီကုံးပါ။

ပုံစံ ။ ။ ယောက်ျားသည် ထမင်းကို ချက်၏။

ရှင်းလင်းချက် ။ ။ အထက်ပါဝါကျတွင် " ချက်၏ " ဟူသော နောက်ဆုံးကြိယာပုဒ်၌ အပ်၊ သင့်၊ ထိုက်၊ ခြင်း စသော စကားလုံးများမပါသောကြောင့် ဤဝါကျကို ကတ္တားဟောဝါကျ ဟု မှတ်ရပါမည်။

ကတ္တားဟောဝါကျ၌ ကတ္တားပုဒ်ကို (**ပုရိသော**)ဟု ပထမာဝိဘတ်ဖြင့်ရေး၍ ကံပုဒ် ကို (**ဩဒနံ**)ဟု ဒုတိယာဝိဘတ်ဖြင့် ရေးရသည်။

ကတ္တားပုဒ်က ပုရိသောဟု နာမသဒ္ဒါ ဧကဝုစ်ဝိဘတ်ဖြင့် ရှိနေသောကြောင့် ကြိယာပုဒ်ကို (**ပစတိ**) ဟု ပရသမပုဒ်၊ ပထမပုရိသ်၊ ဧကဝုစ်ဝိဘတ်ဖြင့် ရေးရသည်။ ထို့ကြောင့် အောက်ပါအတိုင်း ပါဠိဝါကျဖြစ်လာ၏။

ပါဠိပုံစံ ။ ။ ပုရိသော ဩဒနံ ပစတိ။

http://www.dhammadownload.com

အမှတ် (၂) သင်ခန်းစာ

ဝတ္တမာန်ဝိဘတ်

ပုဒ်	ပထမ	မဇ္ဈိမ	ဥတ္တမ
ပရဿပုဒ်	တိ၊ အန္တိ	သိ၊ ထ	မိ၊ မ
အတ္တနောပုဒ်	တေ၊ အန္တေ	သေ၊ ဝ့ေ	ဧ၊ မ့ေ

၁။ ဝတ္တမာန်ဝိဘတ်ကို -
(က) ဖြစ်ပေါ်နေဆဲ ပစ္စုပ္ပန်ကာလ၊
(ခ) ပစ္စုပ္ပန်၏ အနီးဖြစ်သော အတီတ်၊ အနာဂတ်ကာလ၊
(ဂ) ပုရေ ပုရာသဒ္ဒါတို့နှင့် ယှဉ်ရာ အနာဂတ်ကာလ၊
(ဃ) မချွတ် ဖြစ်လတ္တံသော အနက်ဝယ် အနာဂတ်ကာလ၊
(င) ကာလသုံးပါးနှင့်ဆက်ဆံသော အရာတို့၌ သုံးစွဲရသည်။

၂။ ဝတ္တမာန်ဝိဘတ်ကို မြန်မာပြန်သောအခါ -
၏၊ သည်၊ တယ်၊ ဆဲ ဟူသော စကားလုံးတို့တွင် တစ်ခုခု ပါဝင်စေရမည်။

၃။ ပရဿပုဒ် (၆)လုံးကို ကတ္တားဟော ဝါကျ၌အသုံးပြုရမည်။ အတ္တနောပုဒ် (၆) လုံးကို ကံဟော ဝါကျ၌ အသုံးပြုရမည်။

မှတ်ချက် ။ ။ အတ္တနောပုဒ် (၆)လုံးကို ကတ္တရိစသုတ်၏ သတ်မှတ်ချက်အရ ကတ္တားဟော ဝါကျ၌ အသုံးချနိုင်သော်လည်း ပါဠိဘာသာ သင်ယူခါစ စာသင်သားများ တွေဝေစရာဖြစ်၍ အတ္တနောပုဒ်ကို ကံဟောဝါကျ၌သာ အသုံးချသင့်ပါသည်၊ ပါဠိဘာသာကျွမ်းကျင်လာသောအခါ မိမိတို့ ကြိုက်သလို အသုံးချနိုင်ပါသည်။

http://www.dhammadownload.com

ပုစ္ဆာများ

နာမသဒ္ဒါ ပထမပုရိသ်

(၁) က္ကတ္ထိ ဘတ္တံ ပစတိ၊ မိန်းမသည် ထမင်းကို ချက်၏။
(၂) က္ကတ္ထိယော ဘတ္တံ ပစန္တိ၊ မိန်းမတို့သည် ထမင်းကို ချက်ကြ၏။

တုမှသဒ္ဒါ မဇ္ဈိမပုရိသ်

(၃) တွံ ဘတ္တံ ပစသိ၊ သင်သည် ထမင်းကို ချက်၏။
(၄) တုမှေ ဘတ္တံ ပစထ၊ သင်တို့သည် ထမင်းကို ချက်ကြ၏။

အမှသဒ္ဒါ ဥတ္တမပုရိသ်

(၅) အဟံ ဘတ္တံ ပစာမိ၊ ငါသည် ထမင်းကို ချက်၏။
(၆) မယံ ဘတ္တံ ပစာမ၊ ငါတို့သည် ထမင်းကို ချက်ကြ၏။

လေ့ကျင့်ခန်း

ပထမနေ့

အောက်ပါတို့ကို, ပါဠိဝါကျကို မြန်မာပြန်၍ မြန်မာဝါကျတို့ကို စီကုံးခဲ့ပါ။

၁။ သိဿာ အာစရိယံ ပုစ္ဆန္တိ။
၂။ ကိုရင်သည် ဘုရားကို ရှိခိုး၏။
၃။ သင်တို့သည် ထမင်းကို စားကြ၏။
၄။ ငါသည် ကျောင်းကိုသွား၏။

ဒုတိယနေ့

၁။ စောရော ဝတ္ထာနိ စောရေတိ။
၂။ ရဟန်းတို့သည် တရားကို စောင့်ကြ၏။
၃။ အရှင်ဘုရားသည် သင်္ကန်းကို ရ၏။
၄။ တပည့်တော်များသည် တရားကို ဟောကြ၏။

http://www.dhammadownload.com

တတိယနေ့

၁။ တွဲ စီဝရာနိ သိဗ္ဗသိ။
၂။ မုဆိုးသည် တောသို့သွားသည်။
၃။ နင်တို့သည် ယောကျ်ားကို ရှိခိုးကြ၏။
၄။ ကျွန်တော်သည် အမေကို ပူဇော်၏။

စတုတ္ထနေ့

၁။ တုမ္ဟေ ကွသယော ဝန္ဒထ။
၂။ စစ်သားတို့သည် ဥယျာဉ်သို့ သွားကြသည်။
၃။ ခင်ဗျားသည် မကောင်းမှုကို ပြုလုပ်သည်။
၄။ ကျွန်မတို့သည် အသားကို စားကြသည်။

ပဉ္စမနေ့

၁။ အဟံ ဧညာနိ ကီဏာမိ။
၂။ အမေသည် သားကိုတောင်း၏။
၃။ သင်သည် လှည်းကို ယူသည်။
၄။ တပည့်တော်မတို့သည် ဥစ္စာတို့ကို ရကြပါသည်။

အဖွဲ့အဖွဲ့

အမှတ် (၃) သင်ခန်းစာ

အာလုပ်ပုဒ်ရေးနည်း

၁။ " အို . . . ယောကျ်ား " စသည်ဖြင့် ခေါ်ဝေါ်မှုကို အာလုပ်ဟု ခေါ်၏။
၂။ ယင်းအာလုပ်ပုဒ်ကို . . . အို၊ ဟယ်၊ အချင်း၊ အမောင် စသည်ဖြင့် မြန်မာပြန်ရ၏။
၃။ အာလုပ်ပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။
၄။ အာလုပ်ပုဒ်ကို ပါဠိဝါကျ၌ တစ်ပုဒ်နောင် အမြဲထားရ၏။
၅။ မြန်မာပြန်သောအခါ အာလုပ်ပုဒ်ကို မြန်မာဝါကျ၏ အစ၌ ထားရ၏။

ပုံစံ ။ ။ ဗုဒ္ဓေါ ဘန္တေ ဓမ္မံ ဒေသေတိ။

http://www.dhammadownload.com

မြန်မာပြန် ။ ။ အရှင်ဘုရား ဘုရားရှင်သည် တရားတော်ကို ဟောတော်မူ၏။

ကျက်မှတ်ရန်အလုပ်များ

(က) ဘန္တေ - အရှင်ဘုရား၊ အရှင်ဘုရားတို့။
(ခ) အာဝုသော - ငါ့ရှင်၊ ငါ့ရှင်တို့။
(ဂ) တာတ - ချစ်သား၊ ဖခင်။
(ဃ) သမ္မ - မိတ်ဆွေ။
(င) အမ္မ - မိခင်။
(စ) ဘောပုရိသ - အိုယောကျ်ား။
(ဆ) ဘောတိက္ကတ္ထိ - အိုမိန်းမ။

ပထမနေ့လေ့ကျင့်ခန်း

၁။ ပုရိသော အာဝုသော ကမ္မံ ကရောတိ။
၂။ ချစ်သား . . . ခွေးသည် ကြက်ကို ကိုက်နေသည်။
၃။ အိုတပည့်တို့ . . . သင်တို့သည် ငါးကို ဖမ်းကြသည်။

ဒုတိယနေ့

၁။ တုမှေ ဘောတိယော က္ကတ္ထိယော ဥစ္ဆု ခါဒထ။
၂။ အိုအမေ. . . အစ်ကိုတို့သည် ဥယျာဉ်သို့ သွားကြသည်။
၃။ ချစ်သား . . . သင်သည် ကုသိုလ်ကို ပြုလုပ်၏။
၄။ မိတ်ဆွေ . . . ငါတို့သည် ကျောင်းသို့သွားကြ၏။

တတိယနေ့

၁။ မယံ ဘန္တေ ဗုဒ္ဓံ ဝန္ဒာမ။
၂။ အိုမိန်းမ . . . မြွေသည် ငါးကို ကိုက်နေသည်။
၃။ ငါ့ရှင်တို့ . . . ငါသည် သူခိုးတို့ကို သတ်၏။
၄။ အိုလူတို့ . . . သင်တို့သည် သင်္ဘောတို့ကို အလိုရှိကြ၏။

http://www.dhammadownload.com

အဖိတ်နေ့လေ့ကျင့်ခန်း

၁။ ပုရိသ် အဓိပ္ပာယ်ကိုရေး၍ အဘယ် သဒ္ဒါနှင့် အဘယ်ပုရိသ်ကို တွဲစပ်ရပါမည်နည်း။

၂။ ကတ္တားဟောဝါကျ၌ ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ကို အဘယ်ဖြင့် ရေးရပါမည်နည်း ဖော်ပြ၍ အောက်ပါ . . က၊ ခ- မှတ်ပြ ဝါကျတို့ကို အမှန်ပြင်၍ မြန်မာပြန်ပါ။

(က) (တွ ံ) မံသံ ဘုဥ္ဇထ။ (ခ) မယံ နဂရံ (ဂစ္ဆန္တိ)။

၃။ အောက်ပါတို့ကို ပါဠိစီကုံးခဲ့ပါ။

(က) ငါ့ရှင် . . . တပည့်သည် ဆရာကို ပူဇော်၏။

(ခ) မိတ်ဆွေတို့ . . သင်တို့သည် မြေတို့ကို တူးကြ၏။

သဗ္ဗသဗ္ဗ

အမှတ် (၄) သင်ခန်းစာ

ကရိဏ်းပုဒ်ရေးနည်း

၁။ လူသည် ခြေဖြင့်ရွာသို့သွား၏ - ဟူသော မြန်မာဝါကျတွင် ' ဖြင့် ' ဟူသော စကားလုံးကို ကရိဏ်းဟု ခေါ်၏။

၂။ ကရိဏ်းပုဒ်ကို (ဖြင့်၊ နဲ့)ဟု မြန်မာပြန်ရ၏။

၃။ ကရိဏ်းပုဒ်ကို တတိယာဝိဘတ် (နာ၊ ဟိ)ဖြင့် ရေးရ၏။

ပုံစံ ။ ။ (က) ပုရိသော ပါဒေန ဂါမံ ဂစ္ဆတိ။

မြန်မာပြန် ။ ။ ယောကျ်ားသည် ခြေဖြင့် ရွာသို့သွား၏။

(ခ) ကဿကော သကဋေဟိ ခေတ္တံ ဂစ္ဆတိ။

မြန်မာပြန် ။ ။ လယ်သမားသည် လှည်းတို့ဖြင့် လယ်သို့သွား၏။

ပထမနေ့

၁။ ပုရိသော စက္ခုနာ ကုတ္ထိ ပဿတိ။

၂။ ကလေးမသည် ပန်းဖြင့် ဘုရားကို ပူဇော်၏။

၃။ သင်တို့သည် လက်တို့ဖြင့် သင်္ကန်းကို ယူကြ၏။

၄။ ငါသည် ပါးစပ်ဖြင့် အသားကို စား၏။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

ဒုတိယနေ့

၁။ တုမ္ဟေ ဘောန္တော မနုဿာ ရထေန နဂရံ ဂစ္ဆထ။
၂။ ချစ်သား . . . ကျီးတို့သည် နှုတ်သီးဖြင့် ငါးတို့ကို စားကြ၏။
၃။ ငါ့ရှင် . . . သင်သည် နားဖြင့် တရားကို နာ၏။
၄။ အရှင်ဘုရား၊ ငါတို့သည် သွားဖြင့် သစ်သီးတို့ကို စားကြ၏။

တတိယနေ့

၁။ အဟံ ဇာလေန မစ္ဆေ ဂဏှာမိ။
၂။ မုဆိုးသည် ကျားကို မားဖြင့်ထိုး၏။
၃။ အရှင်ဘုရားတို့သည် လှေဖြင့် မြစ်ကို ကူးကြ၏။
၄။ ငါတို့သည် ယာဉ်ဖြင့် ကျောင်းသို့ လာကြသည်။

စတုတ္ထနေ့

၁။ ကမ္မကာရာ သမ္မ ကုဒါလေန ဘူမိ ခဏန္တိ။
၂။ ကုန်သည်သည် ရထားဖြင့် ရန်ကုန်မြို့သို့ လာ၏။
၃။ ငါ့ရှင်၊ တပည့်တို့သည် ဆရာကို ပျားရည်ဖြင့် ပူဇော်ကြ၏။
၄။ မုဆိုးတို့သည် ဝက်ကို မြားဖြင့် ပစ်ကြ၏။

အမှတ် (၅) သင်ခန်းစာ

အာချာတ်ပဒမိဝိဘတ်

ပုဒ်	ပထမ	မဇ္ဈိမ	ဥတ္တမ
ပရဿပုဒ်	တု၊ အန္တု	ဟိ၊ ထ	မိ၊ မ
အတ္တနောပုဒ်	တံ၊ အန္တံ	သု၊ ဝှေ	ဧ၊ အာမသေ

ပဒမိဝိဘတ်သုံးစွဲနိုင်သောအနက်များ

ပဒမိဝိဘတ်ကို -

(၁) စေခိုင်းခြင်း၊ (၃) ပြည့်နှန်းသွန်သင်ခြင်း၊
(၂) တိုက်တွန်းခြင်း၊ (၄) ခေါ်ငင်ခြင်း၊

http://www.dhammadownload.com

(၅) ပင့်ဖိတ်ခြင်း၊ (၉) စုံစမ်းခြင်း၊
(၆) ဆဲရေးခြင်း၊ (၁၀) တောင်းရမ်းခြင်း၊
(၇) ကျိန်ဆိုခြင်း၊ (၁၁) တောင်းပန်ခြင်း၊
(၈) မေးမြန်းခြင်း၊ (၁၂) တောင့်တခြင်း၊
အနက်တို့၌ သုံးစွဲရ၏။

ဧခိုင်းခြင်း

မိမိအောက် ငယ်သူကို စေခိုင်းရာ၌ သွားလော့၊ သွားချေ၊ သွားရမည် စသည်ဖြင့် (လော့၊ ချေ၊ ရမည်)ဟု မြန်မာပြန်ပါ။

ပုံစံ ။ ။ တွံ ဂါ မံ ဂစ္ဆာဟိ။

မြန်မာပြန် ။ ။ သင်သည် ရွာသို့ သွားလော့။

တိုက်တွန်းခြင်း

ရှိသေလေးစားရမည့် ပုဂ္ဂိုလ်ကို တိုက်တွန်းရာ၌ သွားပါလော့ စသည်ဖြင့် 'ပါ' ဟူသော စကားလုံးကို ထည့်သွင်းမြန်မာပြန်ပါ။

ပုံစံ ။ ။ ဥဒ္ဒိ သတု ဘန္တေ ထေရော ပါတိမောက္ခံ။

မြန်မာပြန် ။ ။ အရှင်ဘုရား၊ မထေရ်သည် ပါတိမောက်ကို ရွတ်ပြပါလော့။

ပြည့်နှန်းသွန်သင်ခြင်း

နည်းပေးလမ်းပြ၊ ပြည့်နှန်းသွန်သင်ရာ၌ ဤပုံဤနည်း ပြုလုပ်လော့။ ပြုလုပ်ရမည် စသည်ဖြင့် 'လော့၊ ရမည်၊ ပါစေသတည်း'ဟု မြန်မာပြန်ပါ။

ပုံစံ ။ ။ (က) ဧဝံ ပုညံ ကရောတု ဘော၊ (ခ) ဣဓ ပတ္တတော ဟောတု။

မြန်မာပြန် ။ ။ (က) အိုအမောင် . . . ကောင်းမှုကို ဤပုံဤနည်းပြုလုပ်လော့။
(ခ) ဤနေရာ၌ တောင်သည် ပေါ်ပေါက်ပါစေ။

ခေါ်ယူခြင်းအနက်

ဖိတ်မံခေါ်ငင်ရာ၌ လာပါ၊ ကြွတော်မူပါ၊ ထိုင်ပါ စသည်ဖြင့် ပုဂ္ဂိုလ်အခြေအနေ

http://www.dhammadownload.com

ကို ကြည့်၍(ပါ၊ တော်)ဟူသော စကားလုံးများကို သင့်သလို ထည့်သွင်း မြန်မာပြန်ပါ။

ပုံစံ ။ ။ သော အာဂစ္ဆတု။[၁]

မြန်မာပြန် ။ ။ ဘုရားရှင်၏ တရားတော်ကို နှစ်သက်သူ ပြန်ကြွလာလော့။

ပင့်ဖိတ်ခြင်းအနက်

ဆွမ်းစားပင့်ဖိတ်ခြင်း စသည်တို့၌ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ စသည်ဖြင့် (တော်မူပါ)ဟူသော စကားလုံးများကို ထည့်သွင်းမြန်မာပြန်ပါ။

ပုံစံ ။ ။ အဓိဝါသေတု မေ ဘန္တေ ဘဂဝါ ဘတ္တံ။[၂]

မြန်မာပြန် ။ ။ မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ။

ဆဲရေးခြင်းအနက်

သူတပါးကို ဆဲရေးရာ၌ 'သေပါစေဟယ်၊ သေပါစေသတည်း' စသည်ဖြင့် (ဟယ်၊ စေသတည်း)ဟူသော စကားလုံးတို့ကို ထည့်သွင်းမြန်မာပြန်ပါ။

ပုံစံ ။ ။ သာ နိရယံ ဥပပဇ္ဇတု။[၃]

မြန်မာပြန် ။ ။ သူမသည် ငရဲသို့ ရောက်ပါစေသတည်း။

ကျိန်ဆိုခြင်းအနက်

မိမိကို ကျိန်စာဆိုရာ၌ 'သေရပါစေသား၊ သေရပါစေရဲ့' စသည်ဖြင့် (ပါစေသား၊ ပါစေရဲ့) စသော စကားတို့ကို ထည့်သွင်းမြန်မာပြန်ပါ။

ပုံစံ ။ ။ အဟံ နိရယံ ဥပပဇ္ဇာမိ။[၄]

မြန်မာပြန် ။ ။ ငါသည် ငရဲသို့ ရောက်ရပါစေသား။

---

၁ (ဝိ - ၄၊ ၃၆၃)
၂ (ဝိ - ၂၊ ၄၀၄)
၃ (ဝိ - ၂၊ ၃၆၃)
၄ (ဝိ - ၂၊ ၃၆၃)

http://www.dhammadownload.com

မေးမြန်းခြင်းအနက်

တရားနာရမှာလား၊ အလုပ်လုပ်ရမှာလား စသည်ဖြင့် တစ်ခုနှင့်တစ်ခု ဆက်စပ်မေးရာ၌ (မှာလော၊ မှာလား) စကားလုံးတို့ကိုထည့်သွင်းပြန်ပါ။

ပုံစံ ။ ။ အာဝုသော ကိ ပဌမံ သင်္ဂီယာမ ဓမ္မံဝါ ဝိနယံဝါ။[၁]

မြန်မာပြန် ။ ။ ငါ့ရှင်တို့၊ ရှေးဦးစွာ အဘယ်ကို သံဂါယနာတင်ကြမှာလဲ၊ သုတ် အဘိဓမ္မာကို သံဂါယနာတင်ကြမှာလား၊ ဝိနည်းကို သံဂါယနာတင်ကြမှာလား။

စုံစမ်းခြင်းအနက်

'ငါဘာလုပ်ရပါ့မလဲ' စသည်ဖြင့် စုံစမ်းဆင်ခြင်ရာ၌ (ပါ့မလဲ၊ ပါအုံ့နည်း)ဟူသောစကားတို့ကို သင့်လျော်သလို ထည့်သွင်းမြန်မာပြန်ပါ။

ပုံစံ ။ ။ အဟံ ကံနု ဥပနိဿာယ ဝိဟရာမိ။

မြန်မာပြန် ။ ။ ငါသည် အဘယ်သူကို မှီခိုး၍နေရပါအုံ့နည်း။

တောင်းရမ်းခြင်းအနက်

ငါအား သင်္ကန်းကို ပေးပါ စသည်ဖြင့် တောင်းရမ်းရာ၌ ပုဂ္ဂိုလ် အခြေအနေကို ကြည့်၍ (ပေးပါ၊ ပေးတော်မူပါ)ဟု သင့်လျော်သလို ပြန်ပါ။

ပုံစံ ။ ။ ဒါယဇ္ဇံ မေ သမဏာ ဒေဟိ။[၂]

မြန်မာပြန် ။ ။ ရဟန်း၊ ငါ့အား အမွေပေးတော်မူပါ။

တောင်းပန်ခြင်းအနက်

မိမိထက် မြင့်မြတ်အထက်တန်းကျသူကို ပြောဆိုတောင်းပန်ရာ၌ "ဟောပါ၊ ဟောတော်မူပါ" စသည်ဖြင့် (ပါ၊ တော်မူပါ)ဟု ထည့်သွင်းမြန်မာပြန်ပါ။

ပုံစံ ။ ။ ဒေသေတု၊ ဘန္တေ ဘဂဝါ ဓမ္မံ။[၃]

မြန်မာပြန် ။ ။ မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူပါ။

---

၁ - (ဝိဋ္ဌ-၁၊ ၁၁) ၂ (ဝိ-၃၊ ၁၁၅) ၃ (ဝိ-၃၊ ၆)

http://www.dhammadownload.com

တောင့်တခြင်းအနက်

တောင့်တခြင်းသည် မိမိအတွက် တောင့်တခြင်း၊ သူတစ်ပါးအတွက် တောင့်တခြင်းဟု နှစ်မျိုးရှိပါသည်။ မိမိအတွက် တောင့်တရာ၌ "ချမ်းသာသူဖြစ်ရပါလို၏" စသည်ဖြင့် (ရပါလို၏) ဟူသောစကားကို ထည့်သွင်းမြန်မာပြန်ပါ။

ပုံစံ ။ ။ အဟံ အဝေရော ဟောမိ။

မြန်မာပြန် ။ ။ ငါသည် ဘေးရန်မရှိသူ ဖြစ်ရပါလို၏။

သူတစ်ပါးအတွက် တောင့်တခြင်းအနက်

သူတစ်ပါးအတွက် တောင့်တရာ၌ "ကျမ်းမာပါစေသတည်း" စသည်ဖြင့် (ပါ၌၊ ပါစေသတည်း)ဟု ထည့်သွင်း၍ မြန်မာပြန်ပါ။

ပုံစံ ။ ။ (က) ဘဝတု သဗ္ဗမင်္ဂလံ။

မြန်မာပြန် ။ ။ (သင့်အား) အလုံးစုံသော ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း။

(ခ) တုမှေ ဒုက္ခာ မုစ္စထ။[1]

မြန်မာပြန် ။ ။ သင်တို့သည် ဆင်းရဲမှ လွတ်မြောက်ကြစေသတည်း။

ကတ္တား, ကံ, ကြိယာတွဲစပ်ပုံ

၁။ (က) ပုရိသော	မင်္ဂံ	ဂစ္ဆတု။
(ခ) ပုရိသာ	။	ဂစ္ဆန္တု။
၂။ (က) တွံ	။	ဂစ္ဆာဟိ
(ခ) တုမှေ	။	ဂစ္ဆထ။
၃။ (က) အဟံ	။	ဂစ္ဆာမိ
(ခ) မယံ	။	ဂစ္ဆာမ။

---

၁ - (ဓမ္မပဒ-ဋ္ဌ၊ ၁၊ ၃၃၈)

http://www.dhammadownload.com

ပထမနေ့

၁။ ကြွတို့ ဘတ်စ် ပစတု။
၂။ ကိုရင်သည် တရားကို ဟောပါလော့။
၃။ သင်တို့သည် ထီးတို့ကို ယူကြလော့။
၄။ ငါသည် ဥစ္စာတို့ကို ရပါလို၏။

ဒုတိယနေ့

၁။ မနုဿာ အဂ္ဂိရထေန ပုသိမ် နဂရံ ဂစ္ဆန္တု ။
၂။ ရဟန်းတို့သည် လှည်းတို့ဖြင့် ရွာသို့သွားကြလော့။
၃။ သင်သည် ငါ့ကို ရှိခိုးလော့။
၄။ ငါတို့သည် နတ်ပြည်သို့ ရောက်ကြရပါစေသား။

တတိယနေ့

၁။ တွံ ကကစေန ရုက္ခံ ဆိန္ဒာဟိ။
၂။ ဆရာသည် ကျွန်တော်တို့ကို မေးပါလော့။
၃။ သင်တို့သည် ဥယျာဉ်တို့ကို စောင့်ရှောက်ကြလော့။

အမှတ် (၆) သင်ခန်းစာ

သမ္ဗန်ဓိန်ပုဒ်ရေးနည်း

၁။ "လူသည် သင်္ကန်းကို ရဟန်းအား လှူ၏ " စသော မြန်မာဝါကျတွင် အား ဟူသော စကားကို သမ္ဗန်ဓိန်ဟုခေါ်၏။

၂။ သမ္ဗန်ဓိန်ပုဒ်ကို စတုတ္ထီဝိဘတ် (သ၊ နံ)တို့ဖြင့် ရေးရ၏။

၃။ သမ္ဗန်ဓိန်ပုဒ်ကို " အား " ဟု မြန်မာပြန်ရ၏။

ပုံစံ ။ ။ (က) မနုဿော စီဝရံ ဘိက္ခုဿ ဒေတိ။

မြန်မာပြန် ။ ။ လူသည် သင်္ကန်းကို ရဟန်းအား လှူ၏။

(ခ) မနုဿော စီဝရံ ဘိက္ခူနံ ဒေတိ။

မြန်မာပြန် ။ ။ လူသည် သင်္ကန်းကို ရဟန်းတို့အား လှူ၏။

http://www.dhammadownload.com

ပထမနေ့

၁။ သာမဏေရာ ကုတ္ထိယာ ဓမ္မံ ဒေသေန္တု။
၂။ ကလေးမသည် ဘုရားရှင်အား ပန်းတို့ကို လှူလော့။
၃။ သင်တို့သည် ရသေ့တို့အား ထမင်းကို လှူကြလော့။
၄။ ငါသည် ဘုရားရှင်တို့အား သင်္ကန်းတော်ကို လှူရပါလို၏။

ဒုတိယနေ့

၁။ တွံ မယ္ပံ ဓမ္မံ ဒေသေဟိ။
၂။ အပျိုတို့သည် ကိုရင်တို့အား ဖျော်ရည်တို့ကို လှူကြလော့။
၃။ သင်တို့သည် လူတို့အား တရားဟောကြလော့။
၄။ ငါတို့သည် အမေအား အဝတ်တို့ကို ပေးကြရပါလို၏။

တတိယနေ့

၁။ တုမှေ အမှာကံ ဓမ္မံ ဒေသေထ။
၂။ လူပျိုသည် အမျိုးအားပန်းတို့ကို လက်ဖြင့် ပေးလော့။
၃။ သင်သည် ဥစ္စာတို့ကို သတ္တဝါတို့အား စွန့်ပါလော့။
၄။ ငါသည် ရန်သူတို့အား ထမင်းကို စွန့်ရပါလို၏။

ဃဖဃဃဖ

အမှတ် (၇) သင်ခန်းစာ
အပါဒါန်ပုဒ်ရေးနည်း

၁။ " လူသည် အိမ်မှလာ၏ " စသောမြန်မာဝါကျ၌ (မှ)ဟူသော စကားကို အပါဒါန်ဟု ခေါ်၏။
၂။ အပါဒါန်ပုဒ်ကို ပဉ္စမီဝိဘတ် (သ္မာ၊ ဟိ) ဖြင့် ရေးရ၏။
၃။ အပါဒါန်ပုဒ်ကို (မှ၊ က)ဟု မြန်မာပြန်ရ၏။

ပုံစံ ။ ။ (က) ပုရိသော ဂေဟာ ဝိဟာရံ အာဂစ္ဆတိ။
မြန်မာပြန် ။ ။ ယောကျ်ားသည် အိမ်မှ ကျောင်းသို့ လာ၏။
(ခ) မနုဿာ ဂါမေဟိ နဂရံ သင်္ကမန္တိ။
မြန်မာပြန် ။ ။ လူတို့သည် ရွာတို့မှ မြို့သို့ပြောင်းရွှေ့ကြ၏။

http://www.dhammadownload.com

ပထမနေ့

၁။ ဒါရကာ ဂေဟာ ဥယျာနံ ဂစ္ဆန္တိ။
၂။ လူသည် ကျောင်းမှ ဖဲခွာလေ့။
၃။ အရှင်ဘုရားတို့သည် မြို့မှ ဖဲသွားကြပါလော့။
၄။ ငါသည် ရွာမှ ရန်ကုန်မြို့သို့ သွားရပါလို၏။

ဒုတိယနေ့

၁။ တုမ္ဟေ ယာနေန ပဗ္ဘတသ္မာ နဒိံ ဂစ္ဆထ။
၂။ မိန်းမတို့သည် ဥယျာဉ်မှ သစ်သီးတို့ကို တောင်းဖြင့် မြို့သို့ သယ်ဆောင်ကြလော့။
၃။ သင်သည် စစ်တပ်မှဆန်ကို ယူပါလော့။
၄။ ငါတို့သည် ကုဋုံအိမ်မှ အညစ်အကြေးတို့ကို ရေဖြင့် ဆေးကြောကြရပါလို၏။

တတိယနေ့

၁။ အဟံ တာတ ဂေဟာ သကဋေန ခေတ္တံ ဂစ္ဆာမိ။
၂။ သူခိုးတို့သည် ရွာမှ တောသို့ ထွက်ပြေးကြလော့။
၃။ သင်တို့သည် ဥယျာဉ်မှ ပန်းပွင့်တို့ကို ဆွတ်ခူးကြလော့။
၄။ ငါတို့သည် ဆင်းရဲမှ လွတ်မြောက်ကြရပါစေသား။

အမှတ် (၈) သင်ခန်းစာ

အာချာတ် သတ္တမီဝိဘတ်

ပုဒ်	ပထမ	မဇ္ဈိမ	ဥတ္တမ
ပရဿပုဒ်	ဧယျ၊ ဧယျုံ	ဧယျာသိ၊ ဧယျာထ	ဧယျာမိ၊ ဧယျာမ
အတ္တနောပုဒ်	ဧထ၊ ဧရံ	ဧထော၊ ဧယျာဝှေ၊	ဧယျံ၊ ဧယျာမှေ

http://www.dhammadownload.com

သတ္တမီဝိဘတ် သုံးစွဲနိုင်သောအနက်များ

(၁) ကြံဖန်ခြင်း၊ (၇) ခေါ်ငင်ခြင်း၊
(၂) ခွင့်ပြုခြင်း၊ (၈) စုံစမ်းခြင်း၊
(၃) ပြည့်နှန်ခြင်း၊ (၉) မေမြန်းခြင်း၊
(၄) တောင့်တခြင်း၊ (၁၀) တိုက်တွန်းခြင်း၊
(၅) တောင်းပန်ခြင်း၊ (၁၁) ထိုက်တန်ခြင်း၊
(၆) ပင့်ဖိတ်ခြင်း၊ (၁၂) စွမ်းနိုင်ခြင်း၊

အနက်တို့၌ သတ္တမီဝိဘတ်ကို သုံးစွဲနိုင်သည်။

ကြံဖန်ခြင်းအနက်

ကြံဖန်းခြင်းအနက်ကို မြန်မာပြန်ရာ၌ (ရာ၏၊ လောက်ရာ၏)ဟု ထည့်သွင်းပြန်ပါ။

ပုံစံ ။ ။ ယဒိ သော ပထမဝယေ ပဗ္ဗဇေယျ၊ အရဟာ ဘဝေယျ။

မြန်မာပြန် ။ ။ သူသည် ပထမအရွယ်က အကယ်၍ ရဟန်းပြုငြားအံ့၊ ရဟန္တာဖြစ်လောက်ရာ၏။

ခွင့်ပြုခြင်းအနက်

ခွင့်ပြုခြင်းအနက်ကို မြန်မာပြန်ရာ၌ "သွားလိုသွားတော့၊ သွားချင်သွားတော့" စသည်ဖြင့် (လို၊ တော့၊ ချင်၊ တော့)ဟု ထည့်သွင်းမြန်မာ ပြန်ပါ။

ပုံစံ ။ ။ ပုရိသော ဂါမံ ဂစ္ဆေယျ။

မြန်မာပြန် ။ ။ ယောကျ်ားသည် ရွာသို့ သွားချင်သွားတော့။

ပြည့်နှန်းခြင်း အနက်ပုံစံ

ဧဝံ ပုရိသော သြဒနံ ပစေယျ။

မြန်မာပြန် ။ ။ ယောကျ်ားသည် ဤသို့ ထမင်းကို ချက်ရမည်။

တောင့်တခြင်း အနက်ပုံစံ

အဟံ ဗုဒ္ဓေါ ဘဝေယျာမိ။

မြန်မာပြန် ။ ။ ငါ ဘုရား ဖြစ်ရပါလို၏။

http://www.dhammadownload.com

တောင်းပန်ခြင်း အနက်ပုံစံ

တုမ္ဟေ ဘန္တေ ကွမံ သာဒူကံ ရဇိတ္တာ နိဝါသေထာတိ။[၁]

မြန်မာ ။ ။ အရှင်ဘုရား၊ အရှင်ဘုရားများသည် ဤပုဆိုးကို ဆိုး၍ ဝတ်ရုံတော်မူကြပါ။

ပင့်ဖိတ်ခြင်း အနက်ပုံစံ

တုမ္ဟေ ရထံ အဘိရူဟိတ္တာ အာဂစ္ဆေထာတိ။[၂]

မြန်မာ ။ ။ အရှင်ဘုရားများသည် ရထားကိုစီး၍ ကြွလာတော်မူကြပါ။

ခေါ်ငင်ခြင်း အနက်ပုံစံ

တုဝံ့ံ ခေါ အယျ ပုတ္တ တွံ အာဂစ္ဆေထာသိ။[၃]

မြန်မာ ။ ။ အရှင့်သား၊ သင်သည် အမြန်ပြန်လာပါလော့။

ခုံစမ်းခြင်း အနက်ပုံစံ

(က) ကဿ နု ခေါ အဟံ ပဌမံ ဒမ္မံ ဒေသေယျံ။[၄]

မြန်မာ ။ ။ ငါဘုရားသည် အဘယ်ပုဂ္ဂိုလ်အား ရှေးဦးစွာ တရားတော်ကို ဟောကြားရပါအံ့နည်း။

(ခ) မရေယျ နု ခေါ အယံ ကွမံ ဝိသံ ခါဒိတွာ' နော။[၅]

မြန်မာ ။ ။ ဤရဟန်းသည် ဤအဆိပ်ကိုစား၍ သေရာအံ့လော၊ မသေရာအံ့လော။

မေးမြန်းခြင်း အနက်ပုံစံ

ကိံ နု အမ္မ အဟံ မံသံဝါ ပစေယျာမိ ဥဒါဟု မစ္ဆံဝါ။

မြန်မာ ။ ။ အမေ၊ ကျွန်တော်သည် အသားကိုချက်ရမှာလား၊ သို့မဟုတ် ငါးကို ချက်ရမှာလား။

---

၁ (ဓမ္မပဒ-ဋ္ဌ၊ ၁၊ ၃၁၃) ၂ (ဝိ - ဋ္ဌ - ၁၊ ၅၈) ၃ (ဓမ္မပဒ-ဋ္ဌ၊ ၁၊ ၇၄)
၄ (ဝိ - ၃၊ ၁၀) ၅ (ဝိ - ဋ္ဌ - ၂၊ ၆၂)

http://www.dhammadownload.com

တိုက်တွန်းခြင်း အနက်ပုံစံ

ယဿ သိထာ အာပတ္တိ၊ သော အာဝိကရေယျ။

မြန်မာ ။ ။ အာပတ်ရှိသော ရဟန်းသည် ထင်စွာပြုပါလော့။

ထိုက်တန်ခြင်းအနက်

ထိုက်တန်ခြင်းအနက်ကို မြန်မာပြန်ရာ၌ "ဖြစ်ထိုက်၏၊ ဖြစ်သင့်၏" စသည်ဖြင့် (ကိုက်၊ သင့်)ဟူသော စကားတို့ကို ထည့်သွင်း ပြန်ပါ။

ပုံစံ ။ ။ အယံ စောရော ဘဝေယျ။

မြန်မာပြန် ။ ။ ဤသူသည် သူခိုးဖြစ်ထိုက်၏။

စွမ်းနိုင်ခြင်းအနက်

စွမ်းနိုင်ခြင်းအနက်ကို မြန်မာပြန်ရာ၌ "စွမ်းနိုင်ပါပေ၏" ဟု ထည့်သွင်း ပြန်ပါ။

ပုံစံ ။ ။ အယံ တီဏိ ပိဋကာနိ ဓာရေယျ။

မြန်မာပြန် ။ ။ ဤရဟန်းသည် ပိဋိကသုံးပုံတို့ကို ဆောင်ထားနိုင်ပေ၏။

မှတ်ချက် ။ ။ ပါဠိသဒ္ဒါ အသုံးအနှုန်းစာအုပ်၌ ပါရှိသော ပဉ္စမီ၊ သတ္တမီဝိဘတ်များ သုံးစွဲနိုင်သော အနက် (၁၂)မျိုးစီအတွက် ဖြစ်သင့်သော ပုံစံတို့ကို ဖော်ပြလိုက် ရပါသည်။

ဖော်ပြခဲ့သော ပုံစံများတွင် ပါဠိတော်၊ အဋ္ဌကထာလာ ပုံစံက ပို၍များပါသည်။ မိမိလုပ်ထည့်သော ပုံစံအနည်းငယ်သာ ပါရှိပါသည်။

ကတ္တား, ကံ, ကြိယာတွဲစပ်ပုံ

၁။	(က) ပုရိသော	မဂ္ဂံ	ဂစ္ဆေယျ။
	(ခ) ပုရိသာ	။	ဂစ္ဆေယျုံ။
၂။	(က) တွံ	။	ဂစ္ဆေယျာသိ။
	(ခ) တုမှေ	။	ဂစ္ဆေယျာထ။
၃။	(က) အဟံ	။	ဂစ္ဆေယျာမိ။
	(ခ) မယံ	။	ဂစ္ဆေယျာမ။

http://www.dhammadownload.com

ပထမနေ့

၁။ မနုဿာ ပါပါ သြတ္တပ္ပေယျုံ။
၂။ အလုပ်သမားသည် မြစ်ထဲမှ သဲတို့ကို တောင်းဖြင့် သယ်ဆောင်ရာ၏။
၃။ သင်တို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြရာ၏။
၄။ ငါသည် အရိုးအား လက်တို့ဖြင့် ဆီတို့ကို ပေးရာ၏။

ဒုတိယနေ့

၁။ ဒါရကော မုခေန ဥစ္ဆု ခါဒေယျ။
၂။ တပည့်တို့သည် ဆရာကို မေးကြရာ၏။
၃။ သင်သည် ဈေးမှ အဝတ်တို့ကို တောင်းရာ၏။
၄။ ငါတို့သည် လွှဖြင့်သစ်ပင်တို့ကို ဖြတ်ကြရာ၏။

တတိယနေ့

၁။ သုနခါ ဂေဟသ္မာ ကုက္ကုဠံ ဒုံ သေယျုံ။
၂။ သမီးသည် အဖေ့အား ရွှေကို ပေးရာ၏။
၃။ သင်တို့သည် စပါးတို့ကို ငွေဖြင့်ရောင်းကြရာ၏။
၄။ ငါသည် သင်္ကန်းတို့ကို အပ်ဖြင့် ချုပ်ရာ၏။

စတုတ္ထနေ့

၁။ ဂါဝေါ ခေတ္တမှာ တိဏာနိ မုခေန ခါဒေယျုံ။
၂။ လယ်သမားတို့သည် မျိုးစေ့တို့ကို စိုက်ပျိုးကြရာ၏။
၃။ အရှင်ဘုရားသည် လူတို့ကို ဆုံးမရာ၏။
၄။ ငါတို့သည် လက်ဖြင့် တံခါးကို ပိတ်ကြရာ၏။

အမှတ် (၉) သင်ခန်းစာ

သာမိပုဒ်ရေးနည်း

၁။ " လူသည် သူတပါး၏ ပစ္စည်းကိုယူသည် " စသောမြန်မာဝါကျ၌ (၏)ဟူသော စကားကို သာမိဟု ခေါ်၏။
၂။ သာမိပုဒ်ကို ဆဋ္ဌိဝိဘတ် (သ၊ နံ) ဖြင့် ရေးရ၏။
၃။ သာမိပုဒ်ကို (၏၊ ရဲ့)ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ ။ ။ (က) ပုရိသော ရုက္ခဿ သာခံ ဆိန္ဒတိ။
မြန်မာပြန် ။ ။ ယောကျ်ားသည် သစ်ပင်၏ အကိုင်းကို ဖြတ်၏။
(ခ) စောရော ဘိက္ခုနံ စီဝရံ စောရေတိ။
မြန်မာပြန် ။ ။ ခိုးသူသည် ရဟန်းတို့၏ သင်္ကန်းကို ခိုးယူ၏။

ပထမနေ့

၁။ ဝါဏိဇာ ကဿကဿ ဂါဝေါ ကိဏေယျုံ။
၂။ အဖွားသည် ရဟန်း၏ ကျောင်းသို့ သွားရာ၏။
၃။ အရှင်ဘုရားတို့သည် မိမိ၏သီလကို စောင့်ရှောက်ကြရာ၏။
၄။ ငါသည် ဆွေမျိုးတို့၏ အလုပ်ကို ပြုလုပ်ရာ၏။

ဒုတိယနေ့

၁။ တုမှေ သုဝဏ္ဏဿ ရာသိံ ကရေယျာထ။
၂။ ဥပါသကာသည် လက်ဖြင့် ရဟန်းတို့၏ခြေတို့ကို ဆေးရာ၏။
၃။ သင်သည် လင်၏အဝတ်တို့ကို ဖွတ်လျှော်ရာ၏။
၄။ ငါတို့သည် ဘုရားရှင်၏ သာဝကတို့ကို ပူဇော်ကြရာ၏။

တတိယနေ့

၁။ အဟံ သဟာယကာနံ သန္တိကံ ပဏ္ဏံ လိခေယျာမိ။
၂။ လူတို့သည် မိမိတို့၏ လမ်းတို့ကို ရေဖြင့် သွန်းလောင်းကြရာ၏။
၃။ သင်တို့သည် ညီမ၏ အဝတ်တို့ကို စွန့်ပစ်ကြရာ၏။
၄။ ငါတို့သည် အဖွား၏ဝက်မကို မွေးမြူရာ၏။

စတုတ္ထနေ့

၁။ မယံ အတ္တနော ဂါဝေါ ဂေဟာ ခေတ္တံ မုဉ္ဆေယျာမ။
၂။ ဆရာသည် တပည့်၏ပြဿနာကို ဖြေရှင်းရာ၏။
၃။ သင်သည် ဆရာ၏အထံမှ အတတ်ပညာကို သင်ယူရာ၏။
၄။ ငါတို့သည် ဘုရားရှင်၏ တရားတော်ကို ရွတ်ပြကြရာ၏။

http://www.dhammadownload.com

အမှတ် (၁၀) သင်ခန်းစာ

အဇ္ဇတနီဝိဘတ်

ပုဒ်	ပထမ	မဇ္ဈိမ	ဥတ္တမ
ပရဿပုဒ်	ဤ၊ ဉ	ဩ၊ ထ	က္ကံ၊ မှာ
အတ္တနောပုဒ်	အာ၊ ဦ	ေသ၊ ဝှံ	အ၊ မှေ

အဇ္ဇတနီဝိဘတ်သုံးစွဲနည်း

၁။ လွန်ခဲ့ပြီးသော အချိန်ကာလကို အတိတ်ဟုခေါ်၏။ ယနေ့မှစ၍ လွန်ခဲ့ပြီးသော အတိတ်ကာလ၌ အဇ္ဇတနီဝိဘတ်ကို သုံးစွဲရ၏။

၂။ ဟိယျတ္တနီအဇ္ဇတနီဝိဘတ်တို့ကို ' မာ ' ဟူသော ပဋိသေဓ နိပါတ်ပုဒ်နှင့် ယှဉ်တွဲရာ၌ မည်သည့်ကာလမှာ သက်သည်ဟူ၍ မဆိုရ။

၃။ အဇ္ဇတနီဝိဘတ်ကို (ပြီ၊ ပြီး၊ ခဲ့၊ ဖူး) စသည်ဖြင့် သင့်လျော်သလို ထည့်သွင်းမြန်မာပြန်ရ၏။

၄။ အဇ္ဇတနီဝိဘတ်ဖြင့် ကြိယာပုဒ် တည်ဆောက်သောအခါ အချို့နေရာ၌ ဓာတ်၏အစမှာ အ-အက္ခရာလာရ၏။ အစ၌ဗျည်းရှိသော ဌာ၊ မှာစသော ဗျဥ္ဇနာဒိ ဝိဘတ်နှောင်းရာ၌ ဓာတ်၏နောက်မှာ ဣအက္ခရာလာရ၏။

ပုံစံ ။ ။ အဘဝိဋ္ဌာ၊ ဘဝိဋ္ဌာ။

၅။ ဤ, ဦ, မှာ ဝိဘတ်သုံးမျိုးကို အချို့နေရာ၌ ရဿပြုရ၏။

ပုံစံ ။ ။ (က) အဘဝီ, အဘဝိ၊ (ခ) အဘဝူ, အဘဝု၊ (ဂ) အဘဝိမှာ, အဘဝိမှ၊

၆။ အဇ္ဇတနီ ဉဝိဘတ်ကို အချို့အရာ၌ က္ကံ သု၊ အံသု၊ အာသုံ ပြုရ၏။

ပုံစံ ။ ။ (က) အကရုံ (ခ) အကရိံ သု (ဂ) အကံသု (ဃ) အဒ္ဒသာသုံ။

၇။ ဩဝိဘတ်ကို အချို့အရာ၌ အ၊ က္က ပြုရ၏။

ပုံစံ ။ ။ အဘဝေါ၊ အဘဝ၊ အဘဝိ။

၈။ အာဝိဘတ်ကို အချို့အရာ၌ ဋ္ဌာပြုရ၏။

ပုံစံ ။ ။ အဘဝိဋ္ဌာ၊ အဘဝါ။

http://www.dhammadownload.com

၉။ ထွ, မှာ ဝိဘတ်နှောင်းရာ၌ အချို့အရာမှာ ဥအကွရာလာရ၏။

ပုံစံ ။ ။ (က) အဘဝုတ္ထ၊ အဘဝိတ္ထ (ခ) အဘဝုမှာ, အဘဝိမှာ။

ကတ္တား, ကံ, ကြိယာတွဲစပ်ပုံ

၁။	(က) ပုရိသော	ဘတ်တ်	အပစိ။
	(ခ) ပုရိသာ	။	အပစိ ံသု။
၂။	(က) တွံ	။	အပစိ။
	(ခ) တုမှေ	။	အပစိတ္ထ။
၃။	(က) အဟံ	။	အပစိ ံ။
	(ခ) မယံ	။	အပစိမှ။

မြန်မာပြန် ။ ။ ယောက်ျားသည် ထမင်းကို ချက်ပြီ။

ပထမနေ့

၁။ မနုဿာ ဘိက္ခူနံ ဩဒနံ အဒံသု။
၂။ မုဆိုးသည် တောသို့ ခြေဖြင့်သွားပြီ။
၃။ သင်တို့သည် အသားတို့ကို ချက်ခဲ့ကြပြီ။
၄။ ငါသည် မိဘတို့၏ အလုပ်ကို ပြုလုပ်ခဲ့ပြီ။

ဒုတိယနေ့

၁။ တုမှေ အတ္တနော ဂေဟာ သကဋ္ဌေန နဒီ အဂစ္ဆိတ္ထ။
၂။ လင်သည် မယားအား လက်ဖြင့် ထီးကို ပေးခဲ့ပြီ။
၃။ သင်သည် ဇွန်းဖြင့် ဆန်ပြုတ်တို့ကို သောက်ခဲ့ပြီ။
၄။ ငါတို့သည် ဆီဖြင့် ငါးတို့ကို ချက်ခဲ့ကြပြီ။

တတိယနေ့

၁။ မယံ ဘာတရာနံ ကမ္မာနိ အကာသိမှ။
၂။ အပျိုတို့သည် မြစ်မှ ရေကန်သို့ သွားခဲ့ကြပြီ။
၃။ သင်တို့သည် မကောင်းမှုတို့ကို ပြုလုပ်ခဲ့ကြပြီ။
၄။ ငါသည် အပျိုအား ပန်းတို့ကို ပေးဖူးခဲ့၏။

ဃဇဃဃဇ

http://www.dhammadownload.com

အမှတ် (၁၁) သင်ခန်းစာ

ဩကာသပုဒ်ရေးနည်း

၁။ လူသည် အိမ်၌နေ၏ စသောမြန်မာဝါကျ၌(၌)ဟူသော စကားကို ဩကာသ ဟု ခေါ်၏။

၂။ ဩကာသပုဒ်ကို သတ္တမီဝိဘတ် (သို့၊ သု) ဖြင့်ရေးရ၏။

၃။ ဩကာသပုဒ်ကို (၌၊ ဝယ်၊ မှာ၊ တွင်) ဟု မြန်မာပြန်ရ၏။

ပုံစံ ။ ။ (က) ပုရိသော ဂေဟေ ဝသတိ။

(ခ) လုဒ္ဒကော ဝနေသု စရတိ။

မြန်မာ ။ ။ (က)ယောကျ်ားသည် အိမ်၌နေ၏။

(ခ) မုဆိုးသည် တောတို့၌ လှည့်လည်၏။

ပထမနေ့

၁။ မစ္ဆာ နဒိယံ ဝသိ သု။

၂။ဘုရားရှင်သည် ကျောင်း၌ တရားတော်ကို ဟောတော်မူပြီ။

၃။ သင်တို့သည် လိုဏ်ဂူ၌ တရားကို ကျင့်ကြပြီ။

၄။ ငါတို့သည် မင်း၏ဥယျာဉ်၌ ကစားခဲ့ကြပြီ။

ဒုတိယနေ့

၁။ ဂါဝေါ ခေတ္တေ တိဏာနိ ခါဒိ သု။

၂။ ကလေးတို့သည် လမ်း၌ ပြေးကြပြီ။

၃။ သင်သည် လှည်း၌ အိပ်ခဲ့ပြီ။

၄။ ငါသည် မိမိ၏မြေ၌ သစ်ပင်တို့ကို ရေဖြင့် လောင်းခဲ့ပြီ။

တတိယနေ့

၁။ တွံ ဝိဟာရေ ဘိက္ခူနံ စီဝရာနိ အဒါသိ။

၂။ အလုပ်သမားသည် တော၌ သစ်သားတို့ကို ပုဆိန်ဖြင့် ခွဲခဲ့ပြီ။

၃။ အရှင်ဘုရားတို့သည် ဆရာ၏ထံ၌ အတတ်ပညာကို သင်ယူခဲ့ကြပြီ။

၄။ ငါတို့သည် သင်တို့၏အိမ်၌ ထမင်းကို စားခဲ့ကြပြီ။

ဆယ့်ဆယ့်ဖုံး

http://www.dhammadownload.com

အမှတ် (၁၂) သင်ခန်းစာ
ဘဝဿန္တိဝိဘတ်

ပုဒ်	ပထမ	မရှိမ	ဥတ္တမ
ပရသမ္ပုဒ်	သတိ၊ သန္တိ	သသိ၊ သထ	သာမိ၊ သာမ
အတ္တနောပုဒ်	သတေ၊ သန္တေ	သသေ၊ သဝ္ဟေ	သံ၊ သာမ္ဟေ

ဘဝိဿန္တိဝိဘတ်သုံးစွဲနည်း

၁။ နောင်အခါ ကေန်မုခ္ဖ ဖြစ်ပေါ်လာမည့် အချိန်ကာလကို အနာဂတ် ဟုခေါ်၏။ ယင်းအနာဂတ်ကာလ၌ ဘဝိဿန္တိဝိဘတ်ကို သုံးစွဲရ၏။

၂။ (က) မဖြစ်ဖူးမြဲ အဲ့ဖွယ်သရဲ ဖြစ်ခြင်းဟူသောအနက်၊
(ခ) ချီမွမ်းခြင်းအနက်၊
(ဂ) ကဲ့ရဲ့ခြင်းအနက်-
တို့ကို ထွန်းပြတတ်သော နာမသဒ္ဒါနှင့်ယှဉ်ရာ၌ အတိတ်ကာလမှာ ဘဝိဿန္တိ ဝိဘတ်ကို သုံးစွဲရ၏။

၃။ ဘဝိဿန္တိဝိဘတ်ကို လတ္တံ့၊ မည်၊ မယ်၊ လိမ့်၊ စို့၊ အဲ့ဟု မြန်မာပြန်ရ၏။

၄။ ဘဝိဿန္တိ ဝိဘတ်နှောင်းရာ၌ ဓာတ်၏ နောက်မှာ ဣအက္ခရာ လာရ၏။

ကတ္တား၊ ကံ၊ ကြိယာတွဲစပ်ပုံ

၁။ (က) ပုရိသော မဂ္ဂံ ဂစ္ဆိ သတိ။
(ခ) ပုရိသာ ။ ဂစ္ဆိ သန္တိ။
၂။ (က) တွံ ။ ဂစ္ဆိ သသိ။
(ခ) တုမှေ ။ ဂစ္ဆိ သထ။
၃။ (က) အဟံ ။ ဂစ္ဆိ သာမိ။
(ခ) မယံ ။ ဂစ္ဆိ သာမ။

မြန်မာပြန် ။ ။ ယောကျ်ားသည် လမ်းသို့ သွားလတ္တံ့။

http://www.dhammadownload.com

ပထမနေ့

၁။ ကျွတ္ထိ ဘတ္တံ ပစိသတိ။
၂။ ကြက်မသည် နှုတ်သီးဖြင့် ဆန်ကို စားရလတ္တံ့။
၃။ သင်တို့သည် ပိုက်ကွန်ဖြင့် မြစ်၌ ငါးတို့ကို ဖမ်းယူကြလတ္တံ့။
၄။ ငါသည် လှေဖြင့် မြစ်ကို ကူးလိမ့်မည်။

ဒုတိယနေ့

၁။ တုမှေ တရုဏိယာ မဏ္ဍူသံ ဒဿထ။
၂။ ခွေးမတို့သည် မြေ၌ အိပ်ကြလိမ့်မည်။
၃။ သင်သည် စပါးတို့၏ အစုအပုံကို ပြုလုပ်မည်။
၄။ ငါတို့သည် ညဉ့်၌ ဘုရားကို ရှိခိုးကြလိမ့်မည်။

တတိယနေ့

၁။ မယံ ရုက္ခဿ ဆာယာယံ နိသီဒိဿာမ။
၂။ ဆရာသည် အစည်းအဝေး၌ စကားကို ပြောလိမ့်မည်။
၃။ အရှင်ဘုရားတို့သည် ရသေ့၏ ဇရပ်၌ ဆွမ်းကို စားကြလတ္တံ့။
၄။ ငါတို့သည် သုသာန်၌ ရန်သူတို့ကို သတ်ကြလတ္တံ့။

စတုတ္ထနေ့

၁။ ကုမာရိယော ပေါက္ခရဏိယာ ဥဒကံ ယန္တေန ဘိက္ခူနံ ဝိဟာရံနယိဿန္တိ။
၂။ ငှက်တို့သည် ငါတို့၏ ဥယျာဉ်၌ နေကြလိမ့်မည်။
၃။ သင်သည် သေတ္တာမှ အဝတ်တို့ကို ဆောင်ယူလိမ့်မည်။
၄။ ငါသည် စောင်းတန်း၌ သီချင်းကို သီဆိုမည်။

ပဉ္စမနေ့

၁။ ယောဓော ဗန္ဓနာဂါရာ မုစ္စိဿတိ။
၂။ သင်တို့သည် ပေါက်တူးဖြင့် လမ်း၌ မြေကိုတူးကြလတ္တံ့။
၃။ ငါတို့သည် လယ်၌စပါးတို့ကို တံစဉ်ဖြင့် ရိတ်ဖြတ်ကြလတ္တံ့။

http://www.dhammadownload.com

ဆင်ခြမနေ့

၁။ မယံ သင်္ဂီမေ အရယော ဇိနိဿာမ။
၂။ သင်သည် မြစ်၏ ကမ်းပါးသို့ သွားလတ္တံ့။
၃။ ငါသည် စစ်တပ်၌ လက်နက်တို့ကို ရလိမ့်မည်။

အဖိတ်နေ့ လေ့ကျင့်ခန်းမေးခွန်း

၁။ အာချာတ် သတ္တမီဝိဘတ် သုံးစွဲနိုင်သော အနက်များတွင် ခေါ်ငင်ခြင်း အနက်အတွက် ဖြစ်သင့်သော ပုံစံတစ်ခုကို ထုတ်ပြ၍ မြန်မာပြန်ပြီး အဇ္ဇတနီဝိဘတ် အတွက် ကတ္တား၊ ကံ၊ ကြိယာတို့ကို တွဲစပ် ဖော်ပြခဲ့ပါ။
၂။ အောက်ပါ မြန်မာစကားတို့ကို ပါဠိဝေါဟာရသို့ ပြောင်းခဲ့ပါ။

(က) နွယ်ပင်တို့သည် (ဃ) မီးသွေးဖြင့်
(ခ) ဌက်ပျော်ပင်၏ (င) လုပ်အားခတို့ကို
(ဂ) လက်မောင်း၌ (စ) မေးရိုး၌

၃။ အောက်ပါ ဝါကျတို့ကို ပါဠိစီကုံးခဲ့ပါ။

(က) အလုပ်သမားတို့သည် ကြက်၏ အဥတို့ကို အိမ်မှစျေးသို့ တောင်းဖြင့် သယ်ဆောင်ကြပြီ။
(ခ)သင်သည် ပွဲလမ်းသဘင်၌ မိဘတို့၏ ရန်သူကိုဓားဖြင့်ထိုးလိမ့်မည်။

အမှတ် (၁၃) သင်ခန်းစာ
ပရောက္ခာဝိဘတ်

ပုဒ်	ပထမ	မဇ္ဈိမ	ဥတ္တမ
ပရသ္မပုဒ်	အ၊ ဥ	ဧ၊ တ္ထ	အံ၊ မ္ဟ
အတ္တနောပုဒ်	တ္ထ၊ ရေ	တ္ထော၊ ဝ့ှေ	က္ခံ မ္ဟေ

http://www.dhammadownload.com

ပရောက္ခာဝိဘတ်သုံးစွဲနည်း

၁။ (က) ဖြစ်ပြီးသည်ကို မေ့လျော့ခြင်း၊
(ခ) မသိယောင်မူခြင်း၊
(ဂ) သူတစ်ပါးတို့ ပြောဆိုသံကို တစ်ဆင့်စကား ကြားသိရခြင်းအနက်တို့၌ အတိတ်ကာလမှာ ပရောက္ခာဝိဘတ်ကို သုံးစွဲရ၏။

၂။ ပရောက္ခာဝိဘတ်ကို ကိရပုဒ်နှင့်တွဲလျက် ဖြစ်ပြီတဲ့၊ ချက်ပြီတဲ့ စသည်ဖြင့် (ပြီတဲ့) ဟုမြန်မာပြန်ရ၏။

၃။ အစဉ် ဗျည်းရှိသော (ထ္ထ၊ တ္ထော၊ မှ၊ ရော၊ ဝ့ေါ၊ မ့ေ)ဟူသော ဗျဉ္ဇနာဒိဝိဘတ် နှောင်းရာ၌ ဓာတ်၏ နောက်မှာ ဣအက္ခရာလာရ၏။

၄။ ပရောက္ခာဝိဘတ်ဖြင့် ရေးရာ၌ ဝါကျတွင် -
တစ်ပုဒ်နှောင် ကိရ၊ ကိလ သဒ္ဒါတစ်ခုခုကို ထည့်ရေးရ၏။

ကတ္တား၊ ကံ၊ ကြိယာတွဲစပ်ပုံ

၁။ (က)	ပုရိသော	ကိရ	ဘတ္တံ	ပပစ။
(ခ)	ပုရိသာ	ကိရ	။	ပပစု။
၂။ (က)	တွံ	ကိရ	။	ပပစေ။
(ခ)	တုမ့ေ	ကိရ	။	ပပစိတ္ထ။
၃။ (က)	အဟံ	ကိရ	။	ပပစံ။
(ခ)	မယံ	ကိရ	။	ပပစိမ္ဟ။

မြန်မာပြန် ။ ။ ယောကျ်ားသည် ထမင်းကို ချက်ပြီတဲ့။

ပထမနေ့

၁။ ဗောဓိသတ္တော ကိရ ဒေဝါန မိန္ဒံ အာဟ။
၂။ ရသ့ေတို့သည် စေတီသို့ သွားကြပြီတဲ့။
၃။ သင်သည် အိမ်၌ အသားကို ချက်ပြီတဲ့။
၄။ ငါတို့သည် အိမ်မှ ဥယျာဉ်သို့ သွားကြပြီတဲ့။

ဒုတိယနေ့

၁။ အာစရိယာ ကိရ သိဿံ အာဟု။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

၂။ သင်တို့သည် စစ်မြေပြင်သို့ သွားကြပြီတဲ့။
၃။ ငါသည် ငါးတို့ကို ချက်ပြီတဲ့။

တတိယနေ့

၁။ အဟံ ကိရ ရန်ကုန် နဂရံ ဇဂမံ။
၂။ အမေသည် ညီငယ်ကို ပြောပြီတဲ့။
၃။ ငါတို့သည် မိမိ၏ နိုင်ငံသို့ သွားကြပြီတဲ့။

လေးလေး

အမှတ် (၁၄) သင်ခန်းစာ

ဟိယျတ္တနီဝိဘတ်

ပုဒ်	ပထမ	မဇ္ဈိမ	ဥတ္တမ
ပရသ္သပုဒ်	အာ၊ ဉီ	ဿြ၊ တ္ထ	အံ၊ မှာ
အတ္တနောပုဒ်	တ္ထ၊ တ္ထုံ	သေ၊ ဝှံ	က္ခံ၊ မှသေ

ဟိယျတ္တနီဝိဘတ်သုံးစွဲနည်း

၁။ ယမန်နေ့ည သန်းခေါင်အခါမှ ရှေးဖြစ်သော အတိတ်ကာလ၌ ဟိယျတ္တနီဝိဘတ်ကို သုံးစွဲရ၏။
၂။ ဟိယျတ္တနီဝိဘတ်ကို " ပြီ၊ ခဲ့ပြီ " စသည်ဖြင့် မြန်မာပြန်ရ၏။
၃။ ဟိယျတ္တနီဝိဘတ် နှောင်းရာ၌ ဓာတ်၏အစ၌ အ-အက္ခရာလာရ၏။ အာ၊ ဉီ၊ မှာ တို့ကို အချို့အရာ၌ ရဿပြုရ၏။
၄။ ဿြကို အချို့အရာ၌ ထပြုရ၏။
၅။ တ္ထဝိဘတ်ကို အချို့အရာ၌ ထပြုရ၏။

ပုံစံ ။ ။ အဘဝတ္ထ၊ အဘဝထ။

http://www.dhammadownload.com

ကတ္တား၊ ကံ၊ ကြိယာတွဲစပ်ပုံ

၁။	(က) ပုရိသော	ဘတ္တံ	အပစာ။
	(ခ) ပုရိသာ	။	အပစူ။
၂။	(က) တွံ	။	အပစော။
	(ခ) တုမှေ	။	အပစတ္ထ။
၃။	(က) အဟံ	။	အပစံ။
	(ခ) မယံ	။	အပစမှာ။

မြန်မာပြန် ။ ။ ယောကျ်ားသည် ထမင်းကို ချက်ပြီ။

ပထမနေ့

၁။ မနုဿာ ဂါမသ္မာ ဝိဟာရံ ယာနေန အဂစ္ဆု ။
၂။ သင်သည် တောင်၌ ယောက်မတို့ကို ပြုလုပ်ခဲ့ပြီ။
၃။ ငါတို့သည် ပျားရည်တို့ကို ရဟန်းအား လှူခဲ့ကြပြီ။

ဒုတိယနေ့

၁။ တွံ ဉယျာနေ ကမ္မကာရာနံ ဟတ္ထေန ဒါရူနိ အဒဒေါ။
၂။ ဆရာသည် တပည့်များအား ဥစ္စာတို့ကို ပေးခဲ့ပြီ။
၃။ ငါသည် လှည်းဖြင့် တံတားသို့ သွားခဲ့ပြီ။

တတိယနေ့

၁။ အဟံ နတ္တုနော ဥပါဟနာနိ အဒဒံ။
၂။ သင်တို့သည် မြေမှ ကောင်းကင်သို့ လေယာဉ်ပျံဖြင့် သွားကြပြီ။
၃။ ငါတို့သည် ငပုတောမြို့မှ ပုသိမ်သို့ စက်လှေဖြင့် သွားခဲ့ကြပြီ။

မှတ်ချက် ။ ။ ဝါယုယာနံ၊ အာကာသယာနံ (လေယာဉ်ပျံ)
ယန္တနာဝါ - စက်လှေ (သင်္ဘော)

❀❀❀

http://www.dhammadownload.com

အမှတ် (၁၅) သင်ခန်းစာ

ကာလာတိပတ္တိဝိဘတ်

ပုဒ်	ပထမ	မဇ္ဈိမ	ဥတ္တမ
ပရသမပုဒ်	သာ၊ သံသု	သေ၊ သထ	သံ၊ သာမှာ
အတ္တနောပုဒ်	သထ၊ သိသု	သသေ၊ သဝှေ	သိ'၊ သာမှသေ

ကာလာတိပတ္တိဝိဘတ်သုံးစွဲနည်း

၁။ ကြံဆခြင်းဟူသော အနက်၊ အနာဂတ်ကာလ၊ အတိတ်ကာလ တို့၌ ကာလာတိပတ္တိဝိဘတ်ကို သုံးစွဲရ၏။

၂။ ကာလာတိပတ္တိဝိဘတ်ကို 'ငြားအုံ၊ လို့များ၊ ဆိုလျှင်၊ ရာပြီ' ဟု မြန်မာပြန်ရ၏။

၃။ ငြားအုံ၊ လို့များ၊ ဆိုလျှင်စသော စကားရပ်ပါရှိသော ရှေ့ဝါကျကို သစေ၊ စေနိပါတ်ပုဒ်တစ်ခုခုဖြင့် ရေးရ၏။

၄။ သစေပုဒ်ကို ရှေ့ဝါကျ၏ အစ၌ထား၍ စေ-နိပါတ်ပုဒ်ကို တစ်ပုဒ် နောင်ထားရ၏။

၅။ သစေ၊ စေ-နိပါတ်ပုဒ်များ ထိုင်ရာဝါကျ၏ နောက်ဆုံးကြိယာ၌ ဝိဘတ်ရှစ်မျိုးတွင် သင့်သလို ထားနိုင်၏။

၆။ နောက်ဝါကျ၏ အစ၌ ဧဝံသတိပုဒ်ကို ထည့်ရေးရ၏။ မထည့်လိုပါက မြန်မာပြန်သောအခါ ဧဝံသတိပုဒ်၏ အနက်ကိုထည့်သွင်း မြန်မာပြန်ရ၏။

၇။ ကာလာတိပတ္တိဝိဘတ်နှောင်းရာ၌ ဓာတ်၏အစမှာ အ-အက္ခရာလာ၍ ဓာတ်နောက်မှာ က္က အက္ခရာရ၏။

၈။ သေ-၌ ဧကို အချို့နေရာ၌ အပြုရ၏။

ပုံစံ ။ ။ အဘဝိသေ၊ အဘဝိဿ။

ကတ္တား၊ ကံ၊ ကြိယာတွဲစပ်ပုံ

၁။ (က) ပုရိသော စေ ဓနံ အလဘိဿ၊ သြဒနံ အပစိဿ။
(ခ) ပုရိသာ စေ ဓနံ အလဘိဿံသု၊ သြဒနံ အပစိဿံသု။

၂။ (က) တွံ စေ ဓနံ အလဘိသေ၊ သြဒနံ အပစိသေ။
(ခ) တုမှေ စေ ဓနံ အလဘိဿထ၊ သြဒနံ အပစိဿထ။

http://www.dhammadownload.com

၃။ (က) အဟံ စေ ဓနံ အလဘိဿံ၊ ဩဒနံ အပစိဿံ။

(ခ) မယံ စေ ဓနံ အလဘိဿာမှာ၊ ဩဒနံ အပစိဿာမှာ။

မြန်မာပြန် ။ ။ ယောကျ်ားသည် တကယ်လို့များ ဥစ္စာကိုရလျှင် ထမင်းကိုချက်လောက်ရာပြီ။

ပထမနေ့

၁။ သစေ ပုရိသာ ကမ္မံ ကရိဿံသု၊ ဧဝံ သတိ ဓနံ အလဘိဿံသု။

၂။ သင်သည် အကယ်၍ အလုပ်ကို လုပ်ထားခဲ့လျှင် ရန်ကုန်မြို့သို့ သွားရောက်ရာပြီ။

၄။ ငါတို့သည် ဘုရားကို ရှိခိုးခဲ့ကြလျှင် ချမ်းသာကို ရလောက်ကြ ရာပြီ။

ဒုတိယနေ့

၁။ တွံ စေ ဩဒနံ အပစိဿေ၊ အဘုဥ်ဿေ။

၂။ ကိုရင်တို့သည် တကယ်လို့များ ကုသိုလ်ကို ပြုလုပ်ခဲ့ကြလျှင် နတ်ပြည်သို့ ရောက်လောက်ကြရာပြီ။

၃။ ငါသည် တကယ်လို့များ မြစ်သို့သွားခဲ့လျှင် ငါးတို့ကို ရလောက်ရာပြီ။

တတိယနေ့

၁။ မယံ စေ ဥယျာနံ အဂစ္ဆိဿာမှာ၊ ဖလာနိ အလဘိဿာမှာ။

၂။ သင်တို့သည် အကယ်၍ အလုပ်ကို လုပ်ခဲ့ကြငြားအံ့၊ အမေအား ဥစ္စာတို့ကို ပေးကြလောက်ရာပြီ။

၃။ ငါသည် တောသို့သွားခဲ့လျှင် သစ်သားတို့ကို ရလောက်ရာပြီ။

ဃဇဃဃဇ

အမှတ် (၁၆) သင်ခန်းစာ

တဒတ္ထာ၊ တုမတ္ထသမ္ဗဒါန်ပုဒ် ရေးနည်း

၁။ ဘုရားအကျိုးငှာ အသက်ကို စွန့်ပါ၏ စသော မြန်မာဝါကျ၌ (ငှာ)ဟူသော စကားကို တဒတ္ထသမ္ဗဒါန်ဟု ခေါ်၏။

၂။ တဒတ္ထသမ္ဗဒါန်ကို (ငှာ-အတွက်-ဖို့)ဟု မြန်မာပြန်ရ၏။

၃။ တဒတ္ထသမ္ဗဒါန်ကို စတုတ္ထီ (သ၊ နံ) ဝိဘတ်ဖြင့်ရေးရ၏။

http://www.dhammadownload.com

၄။ တဒတ္ထသမ္ဘဒါန်ပုဒ်၌ သဝိဘတ်ကို အာယပြုလုပ်သောအရာလည်းရှိ၏။
အာယမပြုသောအရာလည်း ရှိ၏။

အာယပြုသောပုံစံ

အဟံ ဗုဒ္ဓဿတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ။

မြန်မာပြန် ။ ။ ငါသည် ဘုရားရှင်၏ အကျိုးငှာ အသက်ကို စွန့်ပါ၏။

အာယမပြုသောပုံစံ

တံ တေ အတ္ထနာဝဟ၊ အတ္ထနော ကရောန္တိ။

မြန်မာပြန် ။ ။ ဒုစရိုက်ကို ပြုကျင့်သူတို့သည် မိမိကိုယ်တိုင်ပင် မိမိအတွက် ထိုအလုပ်မျိုးကို ပြုလုပ်ကြ၏။

နံဝိဘတ်ပုံစံများ

(က) အပါရုတာ တေသံ အမတဿ ဒ္ဒါရာ။

(ခ) ကိဒိသော နုခေါ ဂဟပတိနာ အဂ္ဂသာဝကာနံ သက္ကာရော သဒ္ဓါတော။

မြန်မာပြန် –

(က) ထိုသူများအတွက် နိဗ္ဗာန်၏ အရိယာမဂ်တံခါးတို့ကို ဖွင့်အပ်ကုန်ပြီ။

(ခ) စိတ္တသူကြွယ်သည် အဂ္ဂသာဝကများအတွက် အဘယ်ကဲ့သို့သော ပူဇော်ဖွယ်ကို စီမံအပ်လေသနည်း။

၅။ ဘုရားရှင်သည် လောကကို သနားစောင့်ရှောက်တော်မူခြင်းငှာ ပွင့်တော်မူ၏ စသော မြန်မာဝါကျ၌-

(ငှာ) ဟူသောစကားကို တုမတ္ထသမ္ဘဒါန်ဟု ခေါ်၏။

၆။ အနုကမ္မိတုံ စသည်ဖြင့် တုံပစ္စည်းဖြင့် ပါဠိစီကုံးသင့်ပါလျက် အနုကမ္မာယ စသည်ဖြင့် သဝိဘတ်ဖြင့် ရေးသားထားသောပုဒ်ကို တုမတ္ထသမ္ဘဒါန် ခေါ်သည်ဟု အကျဉ်းမှတ်ထားပါ။

ပါဠိလေ့လာစအရွယ်၌ သဘောပေါက်ဖို့ မလွယ်သဖြင့် တဒတ္ထ၊ တုမတ္ထသမ္ဘဒါန်တို့၏ ခြားနားပုံကို အကျယ်မရေးတော့ပါ။

၇။ တုမတ္ထသမ္ဘဒါန်ပုဒ်ကို (ငှာ၊ ဖို့၊ ရန်)ဟု မြန်မာပြန်ရ၏။

၈။ တုမတ္ထသမ္ဘဒါန်ပုဒ်ကို စတုတ္ထီ သဝိဘတ်ဖြင့် ရေးရ၏။

http://www.dhammadownload.com

ပုံစံ ။ ။ စရထ ဘိက္ခဝေ စာရိကံ လောကာနုကမ္ပာယ။

မြန်မာပြန် ။ ။ ရဟန်းတို့၊ လောကကို သနားစောင့်ရှောင့်ခြင်းငှာ ဒေသစာရီလှည့်လည်ကြလော့။

ပထမနေ့

၁။ ဗုဒ္ဓေါ ဒေဝမနုဿာနံ သုခါယ ဥပ္ပဇ္ဇတိ။
၂။ အဖေတို့သည် သားတို့၏ အကျိုးငှာ အလုပ်ကို ပြုလုပ်ကြ၏။
၃။ သင်သည် လယ်သမားများအတွက် လှည်းကို တောင်း၏။

ဒုတိယနေ့

၁။ မနုဿာ သံယဿ အတ္ထာယ သြဒနံ ပစန္တိ။
၂။ ဆရာသည် တပည့်၏ အစီးအပွားအလို့ငှာ တပည့်ကို ဆုံးမ၏။
၃။ ငါတို့သည် ချမ်းသာခြင်းငှာ တရားကို ကျင့်ကြ၏။

တတိယနေ့

၁။ တွံ ပိဏ္ဍာယ ဂါမံ ပဝိသသိ။
၂။ ဘုရားရှင်သည် လူတို့၏ ချမ်းသာခြင်းငှာ တရားကို ဟောတော်မူ၏။
၃။ ငါသည် သင်၏အကျိုးငှာ အလုပ်ကို လုပ်၏။

ဆဋ္ဌဆဋ္ဌ

အမှတ် (၁၇) သင်ခန်းစာ

ပူရိသ်ယှက်နည်း

၁။ ဝါကျတစ်ခုတည်း၌ နာမ, တုမှ, အမှသဒ္ဒါများ စုပေါင်းပါဝင်နေခြင်းကို ပုရိသ်ယှက်သည်ဟု ခေါ်၏။ **(ဆရာနည်း)**

၂။ ထိုသို့ဝါကျတစ်ခုတည်း၌ သဒ္ဒါနှစ်မျိုးသုံးမျိုးစုပေါင်းပါဝင်နေလျှင် သဗ္ဗေသမေကာဘိ ဓာနေ ပရောပုရိသော သုတ်၏ သတ်မှတ်ချက်အရ နောက်ဆုံးသဒ္ဒါကိုကြည့်၍ ကြိယာပုဒ်ကို ရေးရသည်။

၃။ ကြိယာပုဒ်ကိုရေးရာ၌ နောက်ဆုံးသဒ္ဒါက ဧကဝုစ်ပင်ဖြစ်သော်လည်း ယင်းနောက်ဆုံးသဒ္ဒါ၏ ပုရိသ်ဖြစ်သော ဗဟုဝုစ်ဝိဘတ်ဖြင့်ရေးရ၏။

http://www.dhammadownload.com

၄။ ပုရိသ်ယ့ကာရာဒ်-

(က) ကြိယာပုဒ်ချင်း တူညီခြင်း၊

(ခ) ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလအားဖြင့် တူညီခြင်း ဟူသော အင်္ဂါနှစ်ပါးပြည့်စုံပါမှ ပုရိသ်ယ့ကာရပါသည်။

ပါဠိပုံစံများ

(က) သောစ တွဉ္စ ဘတ္တံ ပစိထ။

(ခ) သောစ အဟဉ္စ ဘတ္တံ ပစာမ။

(ဂ) တွဉ္စ အဟဉ္စ ဘတ္တံ ပစာမ။

မြန်မာပြန်

(က) သူနှင့်မင်း ထမင်းကို ချက်ကြ၏။

(ခ) သူနှင့်ငါ ထမင်းကို ချက်ကြ၏။

(ဂ) မင်းနှင့်ငါ ထမင်းကို ချက်ကြ၏။

အမှာ ။ ။ ကျန်အာချာတ်ဝိဘတ်များကိုလည်း ဤနည်းအတိုင်း ပုရိသ်ယ့ကာပါလေ။

ပထမနေ့

၁။ ပုရိသောစ တွဉ္စ ကမ္မံ ကရောထ။

၂။ ဒတ္တနှင့်ငါ ရုန်ကုန်မြို့သို့ သွားကြသည်။

၃။ မင်းနှင့်ငါ ထမင်းကို စားကြ၏။

ဒုတိယနေ့

၁။ တွဉ္စ အဟဉ္စ ဗုဒ္ဓံ ဝန္ဒာမ။

၂။ ဆရာနှင့်မင်း စာကို ရေးကြ၏။

၃။ မင်းနှင့်ငါ လမ်း၌ မြေကို တူးကြ၏။

တတိယနေ့

၁။ ဒတ္တောစ တုမ္ဟေစ အာစရိယံ ပုစ္ဆထ။

၂။ တိဿရယ် မင်းရယ် ဆွမ်းအလို့ငှာ မြို့ထဲသို့ ဝင်ကြ၏။

၃။ ကလေးမနှင့်ငါ သစ်ပင်၏အရိပ်၌ ထိုင်နေကြ၏။

http://www.dhammadownload.com

စတုတ္ထနေ့

၁။ သောစ မယံစ ဓမ္မသဘာယံ ဓမ္မံ သုဏာမ။
၂။ အဖေရယ် မင်းတို့ရယ် ဥယျာဉ်၌ သစ်ပင်တို့ကို ဖြတ်ကြ၏။
၃။ ညီလေးနှင့်ငါ မြစ်၌ ငါးတို့ကို ဖမ်းကြ၏။

ပဉ္စမနေ့

၁။ မာတာစ တွဉ္စ အတ္တနော ဂေဟေ ကမ္မံ ကရောထ။
၂။ အစ်ကိုရယ် ငါရယ် ဝက်ကို လှံဖြင့် ထိုးကြ၏။
၃။ မင်းနှင့်ငါ မြစ်၌ ကျမ်းစာကို သရဇ္ဈာယ်ကြ၏။

အမှတ် (၁၈) သင်ခန်းစာ

ကာရိတ်ဝါကျရေးနည်း

၁။ သူတစ်ပါးအား စေခိုင်းခြင်း တိုက်တွန်းခြင်း၊ အပြုအမူကိုဖော်ပြသော ကြိယာသည် ကာရိတ်ကြိယာမည်၏။
၂။ ကာရိတ်ကြိယာပုဒ်ကို "စေ" ဟု မြန်မာပြန်ရ၏။
၃။ ကာရိတ်ကြိယာပုဒ်၌ ဏော, ဏာယ, ဏာပေ, ဏာပယ ပစ္စည်းများတွင် တစ်ခုခု သက်ပေးရ၏။ ဓာတ်နှင့်တည်ပုဒ်တို့ ကာရိတ်ပစ္စည်းဆက်သောအခါ ဏကို ချေ၍ ဆက်ပေးရ၏။
၄။ ဓာတ်နောင် ကာရိတ်ပစ္စည်းသက်လျှင် ကာရိတ်ပစ္စည်းကြောင့် လုံးဆင့် အက္ခရာမပါသော (အသံယောဂန္တ) ဓာတ်ကို ဝုဒ္ဓိပြုပေးရ၏။
၅။ ဓာတ်နောင် ကာရိတ်ပစ္စည်းသက်ရာ၌ သရတစ်လုံးသာရှိသော (ဥ၊ ဦ) ကာရန္တနောင် ဏော, ဏာယ နှစ်ပစ္စည်းသက်ရ၏။

ပုံစံ

ဓာတ်	သုဒ္ဓကြိယာ	ကာရိတ်ကြိယာ	မြန်မာပြန်
သုဓာတ်	သုဏာတိ	သာဝေတိ၊ သာဝယတိ	ကြားစေ၏။
ဘူဓာတ်	ဘဝတိ	ဘာဝေတိ၊ ဘာဝယတိ	ဖြစ်စေ၏။

http://www.dhammadownload.com

၆။ သာရတစ်လုံးသာရှိ၍ အာ, ဣ-ဤ, ဧ, ဩကာရန္တ ဓာတ်များ နောင်, ဏာပေ, ကာပယပစ္စည်းနှစ်မျိုးသက်ရ၏။

ပုံစံများ

ဓာတ်	သုဒ္ဓကြိယာ	ကာရိတ်ကြိယာ	မြန်မာပြန်
ဒါ	ဓာတ် ဒေတိ	ဒါပေတိ၊ ဒါပယတိ	ပေးစေ၏။
သိ	။ သယတိ	သာယာပေတိ၊ သာယာပယတိ	အိပ်စေ၏။
နီ	။ နေတိ	နာယာပေတိ၊ နာယာပယတိ	ဆောင်စေ၏။
စျော	။ စျာယတိ	စျာပေတိ၊ စျာပယတိ	လောင်စေ၏။
သော	။ အဝသျတိ	သြသာပေတိ၊ ပရိယောသာဝယတိ	ပြီးဆုံးစေ၏။

၇။ အနေကသရဖြစ်သော စုရာဒိ ဏိကဓာတ်နောင် ဏာပေ, ဏာပယ ပစ္စည်းနှစ်မျိုးသက်ရ၏။

ပုံစံ

ဓာတ်	သုဒ္ဓကြိယာ	ကာရိတ်ကြိယာ	မြန်မာပြန်
စုရဓာတ်	စောရေတိ	စောရာပေတိ၊ စောရာပယတိ	ခိုးဝှက်စေ၏။

၈။ ကြွင်းသော အနေကသရဓာတ်နောင် ဏော, ဏာယ, ဏာပေ, ဏာပယ လေးပစ္စည်းလုံး သက်ရ၏။

ပုံစံ

ဓာတ်	သုဒ္ဓကြိယာ	ကာရိတ်ကြိယာ	မြန်မာပြန်
ကရ	ကရောတိ	ကာရေတိ၊ ကာရယတိ ကာရာပေတိ၊ ကာရာပယတိ	ပြုလုပ်စေ၏။

၉။ သုဒ္ဓကတ္တားကို ကာရိတ်ဝါကျ၌ ကာရိတ်ကံပြုလုပ်ရ၏။

ကာရိတ်ကံ ဓာတ်ကံခွဲပုံ

ယောက်ျားသည် မိန်းမ်ကို ထမင်းကို ချက်စေ၏ - ဟူသော မြန်မာဝါကျတွင် "ချက်စေ၏" ကြိယာပုဒ်၌ (စေ) ဟူသော စကားကို ကာရိတ်ဟု မှတ်သားထားပြီး

http://www.dhammadownload.com

(ချက်)ဟူသော စကားကို ဓာတ်ဟု မှတ်သားထားပါ။ (စေ)ဟူသော စကားအရ ဘယ်သူ့ကို စေခိုင်းသလဲ၊ မိန်းမကို စေခိုင်းသည်။ ထို့ကြောင့် (မိန်းမကို)ဟူသော ကံပုဒ်ကို (စေ)ဟူသော ကာရိတ်၏ကံဟု မှတ်ပါ။

(ချက်)ဟူသောစကားအရ အဘယ်ကိုချက်သလဲ၊ ထမင်းကို ချက်သည်၊ ထို့ကြောင့် (ထမင်းကို)ဟူသော ကံပုဒ်ကို (ချက်)ဟူသော ဓာတ် (ကြိယာ)၏ ကံဟု မှတ်ပါ။ပို၍သဘောပေါက်အောင် အောက်ပါ ပုံစံတို့ကို အထပ်ထပ် လေ့လာထားပါ။

ပုံစံ

	ကာရိတ်ကတ္တား	**ကာရိတ်ကံ**	**ဓာတ်ကံ**	**ကာရိတ်ကြိယာ**
မြန်မာ။	ယောကျ်ားသည်	မိန်းမကို	ထမင်းကို	ချက်စေ၏။
ပါဠိ။	ပုရိသော	ဣတ္ထိံ	ဩဒနံ	ပါစေတိ။

၁၀။ ကာရိတ်ကံပုဒ်ကို ဒုတိယာ, တတိယာ, ဆဋ္ဌိဝိဘတ်သုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ရေးနိုင်သည်။

၁၁။ (က) သုဒ္ဓဝါကျကြိယာပုဒ်၌ ကံမရှိသော အကမ္မကဓာတ်သည် ကာရိတ်ဝါကျ၌ ဧက ကမ္မကဓာတ် ဖြစ်လာ၏။

(ခ) ကံတစ်ခုရှိသော ဧက ကမ္မကဓာတ်သည် ဒွိကမ္မကဓာတ် ဖြစ်လာ၏။

(ဂ) ကံနှစ်ခုရှိသော ဒွိကမ္မကဓာတ်သည် တိကမ္မကဓာတ် ဖြစ်လာ၏။

အကမ္မက သုဒ္ဓဝါကျပုံစံ

သမာဓိ ဘဝတိ - သမာဓိသည် ဖြစ်၏။

ကာရိတ်ဝါကျဖြစ်လာပုံ

ဘိက္ခု သမာဓိံ ဘာဝေတိ။

မြန်မာပြန်။ ။ ရဟန်းသည် သမာဓိကို ဖြစ်စေ၏။

ဧက ကမ္မကသုဒ္ဓ ဝါကျပုံစံ

ဣတ္ထီ ဘတ္တံ ပစတိ - မိန်းမသည် ထမင်းကို ချက်၏။

ကာရိတ်ဝါကျဖြစ်လာပုံ

ပုရိသော ဣတ္ထိံ ဘတ္တံ ပါစေတိ။

http://www.dhammadownload.com

မြန်မာပြန်။ ။ ယောကျ်ားသည် မိန်းမကို ထမင်းကို ချက်စေ၏။

ဒွိကမ္မကသုဒ္ဒ ဝါကျပုံစံ

ဂေါပါလော ဂါဝံ ဂါမံ နေတိ။

မြန်မာပြန်။ ။ နွားကျောင်းသားသည် နွားကို ရွာသို့ ဆောင်ယူ၏။

ကာရိတ်ဝါကျဖြစ်လာပုံ

သာမိကော ဂေါပါလံ - ဂါမံ နယာပေတိ။

မြန်မာပြန်။ ။ သခင်သည် နွားကျောင်းသားကို နွားကို ရွာသို့ ဆောင်ယူစေ၏။

ပထမနေ့

၁။ အာစရိယော သိဿံ သိပ္ပံ ဥဂ္ဂဏှာပေတိ။
၂။ အမေသည် သမီးကို ထမင်းကို ချက်စေ၏။
၃။ သင်တို့သည် ကလေးကို အဝတ်တို့ကို ခိုးစေကြ၏။

ဒုတိယနေ့

၁။ အဟံ ကမ္မကာရံ ကမ္မံ ကာရေမိ။
၂။ ရဟန်းတို့သည် လူတို့ကို ကုသိုလ်ကို ပြုလုပ်စေကြ၏။
၃။ သင်တို့သည် ငါ့ကို ဝိပဿနာကို ဖြစ်စေ၏။

တတိယနေ့

၁။ တွံ ပုတ္တံ သာယာပေသိ။
၂။ အစ်ကိုသည် ညီကို အိမ်ကို စောင့်ရှောက်စေ၏။
၃။ ငါတို့သည် လူတို့ကို ထမင်းကို စားစေကြ၏။

စတုတ္ထနေ့

၁။ မနုဿာ ဥယျာနေ ကမ္မကာရံ ရုက္ခံ ဆေဒါပေန္တိ။
၂။ ရဟန်းတို့သည် ကိုရင်ကို သူတောင်းစားတို့အား ထမင်းကို ပေးစေ၏။
၃။ ငါသည် လူမိုက်ကို တရားကို သိစေ၏။

ပဉ္စမနေ့

၁။ တုမှေ မနုဿံ မံသံ ဘောဇေထ။
၂။ ဆရာသည် ငါ့ကို တရားကို နာစေ၏။
၃။ သင်တို့သည် လယ်သမားကို ဥစ္စာတို့ကို ရစေကြ၏။

http://www.dhammadownload.com

အမှတ် (၁၉) သင်ခန်းစာ

အာချာတ်ကံဟော ဝါကျရေးနည်း

၁။ အဆုံးသတ်ကြိယာပုဒ်၌ အပ်, သင့်, ထိုက်, ခြင်း, ရာ ဟူသော စကားများပါရှိသော ဝါကျကို ကံဟောဝါကျဟု ခေါ်၏။

၂။ ကတ္တား, ကံ, ကြိယာတို့၏ အဓိပ္ပာယ်ကို ကတ္တားဟောဝါကျအတိုင်း မှတ်ပါ။

၃။ အာချတ်ကံဟောဝါကျ၌ -

(က) ကတ္တားပုဒ်ကို တတိယာဝိဘတ်ဖြင့်ရေးရ၏။

(ခ) ကံပုဒ်ကို ပထမာဝိဘတ်ဖြင့်ရေးရ၏။

(ဂ) ကြိယာပုဒ်ကို ကံဟောယပစ္စည်း, အတ္တနောပုဒ်ဝိဘတ်ဖြင့်ရေးရ၏။

(ဃ) ကံပုဒ်ကြိယာပုဒ်ကို သဒ္ဒါ, ပုရိသ်, ဝုစ်တူအောင်ရေးရ၏။

ပုံစံ ။ ။ ကွတ္ထိယာ ဩဒနော ပစ္စတေ။

မြန်မာပြန် ။ ။ မိန်းမသည် ထမင်းကို ချက်အပ်၏။

ကတ္တား၊ ကံ၊ ကြိယာတွဲစပ်ပုံ

၁။ (က)	ပုရိသေန	မဂ္ဂေါ	ဂစ္ဆီ ယတေ။
(ခ)	ပုရိသေန	မဂ္ဂါ	ဂစ္ဆီ ယန္တေ။
၂။ (က)	ပုရိသေန	တွံ	ဂစ္ဆီ ယသေ။
(ခ)	ပုရိသေန	တုမှေ	ဂစ္ဆီ ယဝှေ။
၃။ (က)	ပုရိသေန	အဟံ	ဂစ္ဆီ ယေ။
(ခ)	ပုရိသေန	မယံ	ဂစ္ဆီ ယာမှေ။

ပထမနေ့

၁။ မယာ ဩဒနော ပစ္စတေ။

၂။ လူတို့သည် ကျောင်းသို့ သွားအပ်၏။

၃။ ငါသည် သင်တို့ကို ရအပ်ကုန်၏။

ဒုတိယနေ့

၁။ တုမှေဟိ ဩဒနာ ပစ္စန္တေ။

http://www.dhammadownload.com

၂။ သူတော်ကောင်းသည် ကျောင်းများသို့ သွားအပ်ကုန်၏။
၃။ ဆရာသည် ငါတို့ကို ပြောအပ်ကုန်၏။

တတိယနေ့

၁။ အမှေဟိ တွံ ပစ္စသေ။
၂။ နတ်သမီးသည် ဘုရားရှင်ကို ဖူးမြင်အပ်၏။
၃။ ဆရာသည် ငါတို့ကို ပြောအပ်ကုန်၏။

စတုတ္ထနေ့

၁။ အာစရိယေဟိ တုမှေ ဝုစ္စဝေ့။
၂။ ငါသည် ဆရာကို ပူဇော်အပ်၏။
၃။ သင်တို့သည် ငါ့ကို ရှိခိုးအပ်၏။

ပဉ္စမနေ့

၁။ တယာ အဟံ လဇ္ဇေ။
၂။ သားသည် အမေ၏ရွာသို့ ဝင်အပ်၏။
၃။ သင်တို့သည် ရဟန်းတို့အား ကျောင်းကို လှူအပ်၏။

အောက်ပါတို့ကို မြန်မာပြန်ပါ။

၁။ မနုဿေဟိ ဘိက္ခူနံ ရုက္ခော ဆိဒ္ဒတေ။
၂။ ဒါရကေန သကုဏာ မုစ္စန္တေ။
၃။ မနုဿေန ဓမ္မော ဗုဇ္ဈတေ။
၄။ လုဒ္ဒကေန ဗျဂ္ဃသ သဒ္ဒေါ သုယကေ။
၅။ ဝါဏိဇေန မဟိံ သော ဝိက္ကိ ယတေ။
၆။ လုဒ္ဒကေဟိ ဗျဂ္ဃော ဇီယတေ။
၇။ ဘိက္ခုနာ ဓမ္မော ဝိညာယတေ။
၈။ ကဿကေန တိဏာနိ လူယန္တေ။
၉။ ကဿကေဟိ ဂေဟေဟာ ဂယ္ဟတေ။
၁၀။ စောရေန သူကရော စောရီယတေ။

http://www.dhammadownload.com

အောက်ပါတို့ကို ပါဠိစီကုံးခဲ့ပါ။

၁။ လူသည် ထမင်းကို စားအပ်၏။
၂။ မုဆိုးသည် ကျားကို မြစ်၌ မျှောအပ်၏။
၃။ ငါသည် ပုဆိန်ဖြင့် သစ်ပင်တို့ကို ဖြတ်အပ်ကုန်၏။
၄။ အမေသည် သားကို စိတ်ဆိုးအပ်၏။
၅။ ကလေးတို့သည် ကျောင်းသို့ ရောက်အပ်၏။
၆။ လယ်သမားတို့သည် အစာတို့ကို ဝယ်အပ်ကုန်၏။
၇။ အပျိုသည် သင်တို့ကို ယူအပ်ကုန်၏။
၈။ လူသည် မိမိ၏ အာဟာရကို ပြုပြင်စီမံအပ်၏။
၉။ ရဟန်းသည် တရားကို ကြဲစည်အပ်၏။
၁၀။ လူတို့သည် မိမိ၏ရွာကို စောင့်ရှောက်အပ်၏။

အဖိတ်နေ့မေးခွန်း

၁။ အဘယ်ကို ပုရိသ်ယှက်ဟု ခေါ်သနည်း၊ ဖြေဆို၍ သုဒ္ဓကတ္တားဟောဝါကျကို ကာရိတ်ဝါကျသို့ ပြောင်းရာ၌ အဘယ်ကို ကာရိတ်ကံပြုလုပ်ရပါမည်နည်း။
၂။ အောက်ပါတို့ကို မြန်မာပြန်ခဲ့ပါ။
(က) ဒါရိကာစ တွဉ္စ ဝါဏိဇာနံ မဉ္ဉနိ ဒေထ။
(ခ) ဗုဒ္ဓေါ မနုဿေ သစ္စာနိ ဗောဓေတိ။
(ဂ) ပုတ္တေန မာတာပိတရော မန္တိယန္တေ။
၃။ အောက်ပါတို့ကို ပါဠိစီကုံးခဲ့ပါ။
(က) မင်းနှင့်ငါ သားကောင်တို့ကို ဖမ်းယူကြ၏။
(ခ) ဆရာသည် ငါ့ကို ကျောင်းသို့ သွားစေ၏။
(ဂ) ငါတို့သည် ဆရာကို သိအပ်၏။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

အမှတ် (၂၀) သင်ခန်းစာ

ကာရိတ်ကံဟော ဝါကျရေးနည်း

၁။ အာချာတ်ကာရိတ်ကံဟော ဝါကျ၌ အကမ္မက, ဧကကမ္မက, ဒွိကမ္မကဓာတ် သုံးမျိုးလုံးမှာ ကာရိတ်ကံ (ဝုတ္တကံ)ကို ပထမာဝိဘတ်ဖြင့် ရေးရသည်။

၂။ ကြွင်းသော ရေးထုံးသည် ကာရိတ်ဝါကျရေးထုံး၊ ကံဟောဝါကျရေးထုံးများ နှင့် တူသည်။

အကမ္မကဓာတ်ပုံစံ

ဘိက္ခုနာ သမာဓိ ဘာဝီယတေ။

မြန်မာပြန်။ ။ ရဟန်းသည် သမာဓိကို ဖြစ်စေအပ်၏။

ဧက ကမ္မကဓာတ်ပုံစံ

သာမိကေန ဒါသော ဂါမံ ဂမာပီယတေ။

မြန်မာပြန်။ ။ သခင်သည် ကျွန်ကို ရွာသို့ သွားစေအပ်၏။

ဒွိကမ္မကဓာတ်ပုံစံ

သာမိကေန အဇပါလော အဇံ ဂါမံ နယာပီယတေ။

မြန်မာပြန်။ ။ သခင်သည်ဆိတ်ကျောင်းသားကို ဆိတ်ကို ရွာသို့ဆောင်စေအပ်၏။

ဒုဟာဒိဓာတ်ပုံစံ

သာမိကေန ဂေါပါလော ဂါဝိ ံ ခီရံ ဒုဟာပီယတေ။

မြန်မာပြန်။ ။ သခင်သည် နွားကျောင်းသားကို နွားမကို နို့ကို ညှစ်စေအပ်၏။

ပထမနေ့

၁။ မာတုယာ ပုတ္တော သယာပီယတေ။

၂။ လူသည် တရားကို ဖြစ်စေအပ်၏။

၃။ အဖေသည် သားကို ထမင်းကို ချက်စေအပ်၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ သာမိကေန သုနခါ ဘူမိယံ ဝါသယီယန္တေ။

၂။ သခင်သည် ခွေးကို ရွာသို့ သွားစေအပ်၏။

၃။ လယ်သမားသည် အလုပ်သမားကို ကျောက်ခဲကို တောင်းဖြင့် အိမ်သို့ ဆောင်ယူစေအပ်၏။

တတိယနေ့

၁။ ဣတ္ထိယာ ပုရိသော မစ္ဆံ ပါစိယတေ။

၂။ ယောကျ်ားသည် ကလေးတို့ကို ဥယျာဉ်သို့ သွားစေအပ်ကုန်၏။

၃။ ရဟန်းသည် လူကို သစ်သီးတို့ကို လှည်းဖြင့် ကျောင်းသို့ ဆောင်ယူစေအပ်၏။

http://www.dhammadownload.com

အခန်း (၂)

လေ့ကျင့်ခန်းပုံစံများအဖြေ

(ကြည့်ရှုရန်သာ)

မြန်မာဝါကျများ

၁။ သူတို့သည် တောင် မျောက်တို့ကို ကျောက်ခဲတို့ဖြင့် ပစ်ကြ၏။
၂။ ဘုရားရှင်၏ သာဝကသည် အမျက်ကို အောင်၏။
၃။ လယ်သမားသည် နွားတို့ကို ရွာသို့ ဆောင်၏။
၄။ ငါးတို့သည် ရေ၌ ရှိကြ၏။
၅။ ငါတို့သည် ရွာ၌ နေကြ၏။

ပါဠိစကားပုံ

၁။ တေ ဝနေ မက္ကဋေ ပါသာဏေဟိ ခိပန္တိ။
၂။ ဗုဒ္ဓဿ သာဝကော ကောဓံ ဇယတိ။
၃။ ကဿကော ဂေါဏော ဂါမံ နေတိ။
၄။ မစ္ဆာ ဥဒကေ ဟောန္တိ။
၅။ မယံ ဂါမေ ဝသာမ။

ပါဠိဝါကျများ

၁။ ကာကော ရုက္ခေ ကဝတိ။
၂။ အမစ္စဿ အဿော ခေတ္တေ သယတိ။
၃။ အဟံ မိဂဿ မံသံ ဂ္ဂဏှာမိ။
၄။ သမဏော သီလေန ဒေါသံ ဇယတိ။
၅။ အဇာ ဝနေ တိဏာနိ ခါဒန္တိ။

မြန်မာဖြန်ပုံ

၁။ ကျီးသည် သစ်ပင်၌ အော်မြည်၏။
၂။ အမတ်၏မြင်းသည် လယ်၌ အိုပ်၏။

http://www.dhammadownload.com

၃။ ငါသည် သားကောင်၏အသားကို အလိုရှိ၏။
၄။ ရဟန်းသည် သီလဖြင့် ဒေါသကို အောင်၏။
၅။ ဆိတ်တို့သည် တောင်၌ မြက်တို့ကို စားကြ၏။

အောက်ပါတို့ကို ဆီလျော်စွာပါဠိစီ၍မြန်မာပြန်ပါ။

၁။ တုမှ၊ ဥယျာန၊ ဂမုဓာတ်၊
၂။ အမှ၊ မိတ္တ စေတိယ၊ နီဓာတ်၊
၃။ ဒါရကာ၊ ဝန၊ ဖလ၊ ခါဒဓာတ်၊
၄။ ကမ္မကာရ၊ ဂါမ၊ ရထ၊ ဓည၊ နီဓာတ်၊
၅။ ယောဓ၊ ရဋ္ဌ၊ ရက္ခဓာတ်၊

ပါဠိစီ၍မြန်မာပြန်ပုံ

၁။ တုမှေ ဥယျာနံ ဂစ္ဆထ။
မြန်မာ ။ ။ သင်တို့သည် ဥယျာဉ်သို့ သွားကြ၏။
၂။ အဟံ မိတ္တေ စေတိယံ နယာမိ။
မြန်မာ ။ ။ ငါသည် မိတ်ဆွေတို့ကို စေတီတော်သို့ ဆောင်ယူ၏။
၃။ ဒါရကာ ဝနေ ဖလာနိ ခါဒန္တိ။
မြန်မာ ။ ။ ကလေးတို့သည် တောင်၌ သစ်သီးတို့ကို စားကြ၏။
၄။ ကမ္မကာရာ ဂါမံ ရထေန ဓညာနိ နယန္တိ။
မြန်မာ ။ ။အလုပ်သမားတို့သည် ရွာသို့ရထားဖြင့် စပါးတို့ကို သယ်ဆောင်ကြ၏။
၅။ ယောဓာ ရဋ္ဌံ ရက္ခန္တိ။
မြန်မာ ။ ။ စစ်သားတို့သည် နိုင်ငံတော်ကို စောင့်ရှောက်ကြ၏။

အောက်ပါတို့ကို အမှန်ပြင်၍ မြန်မာပြန်ပါ။

၁။ တွံ သမုဒ္ဒံ ရထေန(ဂစ္ဆထ)။
၂။ (မစ္ဆော) ဇလေ ဟောန္တိ။
၃။ မယံ ဝိဟာရေ (ဝသာမိ)။
၄။ (တေ) မိဂသ မံသံ ခါဒတိ။
၅။ (တွံ) ဂါမံ ဓညံ နယထ။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း
အမှန်ပြင်၍ မြန်မာပြန်ပုံ

၁။ တုံ့ သမုဒ္ဒ ရထေန ဂစ္ဆသိ။
မြန်မာ ။ ။ သင်သည် သမုဒ္ဒရာသို့ ရထားဖြင့် သွား၏။

၂။ မစ္ဆာ ဇလေ ဟောန္တိ။
မြန်မာ ။ ။ ငါးတို့သည် ရေ၌ ရှိကြ၏။

၃။ မယံ ဝိဟာရေ ဝသာမ။
မြန်မာ ။ ။ ငါတို့သည် ကျောင်း၌နေကြ၏။

၄။ သော မိဂဿ မံသံ ခါဒတိ။
မြန်မာ ။ ။ သူသည် သားကောင်(သမင်)၏ အသားကို စား၏။

၅။ တုမ္ဟေ ဂါမံ ဧည့် နယထ။
မြန်မာ ။ ။ သင်တို့သည် ရွာသို့ စပါးကို သယ်ဆောင်ကြ၏။

ပါဠိဝါကျပုံစံ

၁။ ဝါဏိဇော ဓနံ ဂါမသ္မာ နဂရံ နယတု။
မြန်မာ ။ ။ ကုန်သည်သည် ဥစ္စာကို ရွာမှမြို့သို့ ဆောင်ပါစေ။

၂။ ကညာယ ဂီဝါယံ မာလာယော ဟောန္တု။
မြန်မာ ။ ။ မိန်းကလေး၏ လည်ပင်း၌ ပန်းကုံးများ ရှိကြပါစေ။

၃။ တုံ့ ဗုဒ္ဓံ ဝန္ဒ။
မြန်မာ ။ ။ သင်သည် ဘုရားကို ရှိခိုးလော့။

၄။ တုမ္ဟေ ကညာယ မေတ္တံ ယာစထ။
မြန်မာ ။ ။ သင်တို့သည် မိန်းကလေး၏ မေတ္တာကို တောင်းခံကြလော့။

၅။ မယံ သဘံ ဂစ္ဆာမ။
မြန်မာ ။ ။ ငါတို့ ပွဲသို့ သွားကြစို့။

http://www.dhammadownload.com

မြန်မာဝါကျများ

၁။ သင်တို့သည် သစ်ပင်၏အရိပ်၌ ရပ်ကြလော့။
၂။ ပုဏ္ဏားသည် မေတ္တာဖြင့် ဘီလူးကို အောင်ပါစေ။
၃။ ကုန်သည်သည် လှေဖြင့် မြို့သို့သွားပါစေ။
၄။ သင်တို့သည် ဆရာကို မေးကြလော့။
၅။ ငါတို့သည် အမတ်၏ အာဏာဖြင့် သူခိုးကို သတ်ကြ၏။

ပါဠိစကားပုံ

၁။ တုမှေ ရုက္ခဿ ဆာယာယံ တိဋ္ဌထ။
၂။ ပြာဟွဏော မေတ္တာယ ယက္ခံ ဇယတု။
၃။ ဝါဏိဇော နာဝါယ နဂရံ ဂစ္ဆတု။
၄။ မယံ အမစ္စဿ အာဏာယ စောရံ ဝဓာမ။

ပါဠိဝါကျများ

၁။ ယောဓော စောရံ ဝဓတု။
၂။ တွံ ဂုဟံ အာလောကေန ဂစ္ဆ။
၃။ တုမှေ ဂုဟာယံ သယထ။
၄။ အဟံ အာစရိယံ ပုစ္ဆာမိ။
၅။ မယံ ဗုဒ္ဓံ ဝန္ဒာမ။

မြန်မာပြန်ပုံ

၁။ စစ်သားသည် သူခိုးကို သတ်လော့။
၂။ သင်သည် လိုဏ်ဂူသို့ အလင်းရောင်ဖြင့် သွားလော့။
၃။ သင်တို့သည် လိုဏ်ဂူ၌ အိပ်ကြလော့။
၄။ ငါသည် ဆရာကို မေး၏။
၅။ ငါတို့သည် ဘုရားကို ရှိခိုးကြ၏။

ဆိုလျှက်အောင် ပါဠိဓာတ်မြန်မာပြန်ရန်

၁။ သေနာ၊ ရဋ္ဌ၊ ရက္ခဓာတ်။
၂။ သတ္တ၊ သူရိယ၊ အာလောက၊ လဘဓာတ်။

http://www.dhammadownload.com

၃။ ကညာ၊ ဂိဝါ၊ မာလာ ဟူမာတ်။
၄။ ဗောဓိသတ္တာ၊ ရုက္ခ၊ ဆာယာ၊ ဝသမာတ်။
၅။ ပြာဟ္မဏာ၊ မေတ္တာ၊ ယက္ခ၊ ဇိမာတ်။

ပါဠိစီ၍ မြန်မာပြန်ပုံ

၁။ သေနာ ရဋ္ဌံ ရက္ခတု။
မြန်မာ ။ ။ စစ်တပ်သည် နိုင်ငံကို စောင့်ရှောက်လော့။
၂။ သတ္တာ သူရိယဿ အာလောကံ လဘန္တု။
မြန်မာ ။ ။ သတ္တဝါတို့သည် နေ၏အလင်းရောင်ကို ရကြပါစေ။
၃။ ကညာယ ဂိဝါယံ မာလာယော ဟောန္တု။
မြန်မာ ။ ။ မိန်းကလေး၏ လည်ပင်း၌ ပန်းကုံးများ ရှိကြပါစေ။
၄။ ဗောဓိသတ္တော ရုက္ခဿ ဆာယာယံ ဝသတု။
မြန်မာ ။ ။ ဘုရားလောင်းသည် သစ်ပင်၏အရိပ်၌ နေပါစေ။
၅။ ပြာဟ္မဏော မေတ္တာယ ယက္ခံ ဇယတု။
မြန်မာ ။ ။ ပုဏ္ဏားသည် မေတ္တာဖြင့် ဘီလူးကို အောင်ပါစေ။

အမှန်ပြင်၍မြန်မာပြန်ရန်

၁။ (တေ) နာဝါယ နဂရံ ဂစ္ဆတိ။
၂။ ကညာယော သာလာယံ (သယတိ)။
၃။ တုမှေ ရုက္ခဿ ဆာယာယံ (ဝသ)။
၄။ (မယံ) အာစရိယံ ပုစ္ဆာမိ။
၅။ အဟံ သေနံ (ဂစ္ဆာမ)။

အမှန်ပြင်၍ မြန်မာပြန်ပုံ

၁။ သောနာဝါယ နဂရံ ဂစ္ဆတိ။
မြန်မာ ။ ။ သူသည် လှေဖြင့် မြို့သို့သွား၏။
၂။ ကညာယော သာလာယံ သယန္တိ။
မြန်မာ ။ ။ မိန်းကလေးတို့သည် ဇရပ်၌ အိပ်ကြ၏။

http://www.dhammadownload.com

၃။ တုမ္ဟေ ရုက္ခဿ ဆာယာယံ ဝသထ။
မြန်မာ ။ ။ သင်တို့သည် သစ်ပင်အရိပ်၌ နေကြလော့။

၄။ အဟံ အာစရိယံ ပုစ္ဆာမိ။
မြန်မာ ။ ။ ငါသည် ဆရာကို မေး၏။

၅။ မယံ သေနံ ဂစ္ဆာမ။
မြန်မာ ။ ။ ငါတို့သည် စစ်တပ်သို့ သွားကြ၏။

ပုံစံများ

၁။ မုနိ နဂရေ အဟိ ဝုန္ဒတိ။
မြန်မာ ။ ။ ရဟန်းသည် မြို့၌ မွေးကို တားမြစ်၏။

၂။ သေနာပတိ အသိနာ စောရံ ဆိန္ဒတိ။
မြန်မာ ။ ။ စစ်သူကြီးသည် ဓားဖြင့် သူခိုးကို ခုတ်ဖြတ်၏။

၃။ သာရထိ ဉာတီနံ နိမိ ဝိန္ဒတိ။
မြန်မာ ။ ။ ရထားထိန်းသည် ဆွေမျိုးတို့၏ မြှပ်နှံထားသော ဥစ္စာကို ရ၏။

၄။ အဟံ ဂဟပတိနော ဂေဟတော မဏိ ဝိန္ဒာမိ။
မြန်မာ ။ ။ ငါသည် သူကြွယ်၏အိမ်မှ ပတ္တမြားကို ရ၏။

၅။ မယံ အရိ ဂိရိ နယာမ။
မြန်မာ ။ ။ ငါတို့သည် ရန်သူကို တောင်သို့ ပို့ဆောင်ကြ၏။

မြန်မာပြန်ရန် ပါဠိဝါကျများ

၁။ ရဝိ သတ္တာနံ အာလောကံ ဒေတိ။
၂။ ကပယော ရုက္ခဿ သာခံ ဆိန္ဒန္တိ။
၃။ တွံ ရုက္ခဿ သာခံ ဆိန္ဒ။
၄။ မယံ ရုက္ခဿ ဆာယာယံ ဘတ္တံ ဘုဉ္ဇာမ။
၅။ မယံ ဓနဿ ရာသိမှာ မဏိ ဝိန္ဒာမ။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

မြန်မာပြန်ပုံ

၁။ နေသည် သတ္တဝါတို့အား အလင်းရောင်ကို ပေး၏။
၂။ မျောက်တို့သည် သစ်ပင်၏ အကိုင်းကို ဖြတ်ကြ၏။
၃။ သင်သည် သစ်ပင်၏ အကိုင်းကို ဖြတ်လော့။
၄။ ငါတို့သည် သစ်ပင်၏အရိပ်၌ ထမင်းကို စားကြ၏။
၅။ ငါတို့သည် ဥစ္စာ၏ အစုအပုံမှ ပတ္တမြားကို ရကြ၏။

ပါဠိစီရုန်မြန်မာဝါကျများ

၁။ ရသေ့သည် တောင်၌ မျောက်တို့အား သစ်သီးကို ပေး၏။
၂။ ရဟန်းတို့သည် သူကြွယ်၏အိမ်၌ ဆွမ်းဘုဉ်းပေးကြ၏။
၃။ သူတို့သည် စပါးတို့ကို ကြိတ်ကြ၏။
၄။ သင်တို့သည် မိန်းကလေး၏လက်မောင်းကို နှံသာဖြင့် လိမ်းကျံပေးကြပါ။
၅။ ကျွန်ုပ်တို့သည် တောင်မှ ပတ္တမြားကို ရကြ၏။

ပါဠိခီကုံးပုံ

၁။ ကွသိ ဝနေ ကပီနံ ဖလံ ဒေတိ။
၂။ မုနယော ဂဟပတိနော ဂေဟေ ဘတ္တံ ဘုဉ္ဇန္တိ။
၃။ တေ ဓညာနိ ပိသန္တိ။
၄။ တုမှေ ကညာယ ဗာဟံ ဂန္ဓေန လိမ္ပထ။
၅။ မယံ ဝနတော မဏိံ ဝိန္ဒာမ။

ဆီလျော်အောင် ပါဠိခီ၍မြန်မာပြန်ရန်

၁။ ဒါရကာ၊ ဥယျာနာ၊ ဒွါရာ၊ ဖလာ၊ ခါဒဓာတ်။
၂။ သာရထိ၊ ကုဋ္ဌိ၊ ဝေဒနာ၊ ဘူဓာတ်။
၃။ ဂဟပတိ၊ ဉာတိ၊ မဏိ၊ ဒါဓာတ်။
၄။ ပတ္တိ၊ အသိ၊ စောရ၊ ဆိဒဓာတ်။
၅။ မယံ၊ ရုက္ခ၊ ဆာယာ၊ ကီဠဓာတ်။

http://www.dhammadownload.com

ပါဠိခိုဏ် မြန်မာပြန်ပုံ

၁။ ဒါရကော ဥယျာနဿ ဒ္ဝါရေ ဖလာနိ ခါဒတိ။
မြန်မာ ။ ။ ကလေးသည် ဥယျာဉ်၏တံခါးဦး သစ်သီးတို့ကို စား၏။
၂။ သာရထိနော ကုစ္ဆိသ္မိံ ဝေဒနာ ဘဝတိ။
မြန်မာ ။ ။ ရထားထိန်း၏ ဝမ်းဗိုက်၌ ခံစားမှုဝေဒနာဖြစ်၏။
၃။ ဂဟပတယော ဉာတီနံ မဏ္ဍိ ဒဒန္တိ။
မြန်မာ ။ ။ သူကြွယ်တို့သည် ဆွေမျိုးတို့အား ပတ္တမြားကို ပေးကြ၏။
၄။ ပတ္တိ စောရံ အသိနာ ဆိန္ဒတိ။
မြန်မာ ။ ။ ခြေလျင်စစ်သားသည် သူခိုးကို ဓားဖြင့် ဖြတ်၏။
၅။ မယံ ရုက္ခဿ ဆာယာယံ ကီဠာမ။
မြန်မာ ။ ။ ငါတို့သည် သစ်ပင်၏ အရိပ်၌ ကစားကြ၏။

အမှန်ပြင်၍ မြန်မာပြန်ရန်

၁။ တုမှေ ဓနဿ ရာသိမှာ မဏ္ဍိ (ဝိန္ဒသိ)။
၂။ ဉာတယော မုနီနံ သြဒနံ (ဒဒါတိ)။
၃။ မယံ အသိနာ ရုက္ခံ (ဆိန္ဒာမိ)။
၄။ တွံ ကဝိနံ သြဒနံ (ဒေထ)။
၅။ သေဋ္ဌိ သေနာပတိနော မဏ္ဍိ (ဒဒါသိ)။

အမှန်ပြင်၍ မြန်မာပြန်ပုံ

၁။ တုမှေ ဓနဿ ရာသိမှာ မဏ္ဍိ ဝိန္ဒထ။
မြန်မာ ။ ။ သင်တို့သည် ဥစ္စာ၏ အစုအပုံမှ ပတ္တမြားကို ရကြ၏။
၂။ ဉာတယော မုနီနံ သြဒနံ ဒဒန္တိ။
မြန်မာ ။ ။ ဆွေမျိုးတို့သည် ရဟန်းတို့အား ဆွမ်းကို လှူကြ၏။
၃။ မယံ အသိနာ ရုက္ခံ ဆိန္ဒာမ။
မြန်မာ ။ ။ ငါတို့သည် ဓားဖြင့် သစ်ပင်ကို ခုတ်ဖြတ်ကြ၏။
၄။ တွံ ကဝိနံ သြဒနံ ဒေသိ။
မြန်မာ ။ ။ သင်သည် စာဆိုပညာရှိတို့အား ထမင်းကို ပေး၏။
၅။ သေဋ္ဌိ သေနာပတိနော မဏ္ဍိ ဒဒါတိ။
မြန်မာ ။ ။ သူဌေးသည် စစ်သူကြီးအား ပတ္တမြားကို ပေး၏။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

ပုံစံများ

၁။ ပတ္တိ စောရဿ သတ္တိ အသိနာ ဝိဇ္ဈတိ။

မြန်မာ ။ ။ ခြေလျင်တပ်သား (စစ်သား)သည် သူခိုး၏ပေါင်ကို မားဖြင့် ထိုးဆွ၏။

၂။ သေဋ္ဌိ ဒဓိ တုဿတိ။

မြန်မာ ။ ။ သူဌေးသည် နို့ဓမ်းကို နှစ်သက်၏။

၃။ ဂဟပတယော သပ္ပိ လုဇ္ဈန္တိ။

မြန်မာ ။ ။ သူကြွယ်တို့သည် ထောပတ်ကို မက်မောကြ၏။

၄။ ကဿကာ ခေတ္တာနိ ကသန္တိ။

မြန်မာ ။ ။ လယ်သမားများသည် လယ်များကို ထွန်ယက်ကြ၏။

၅။ သာရထိ ရတဿ ဆဒိ ဒုဿတိ။

မြန်မာ ။ ။ ရထားထိန်းသည် ရထား၏ အမိုးကို ဖျက်ဆီး၏။

မြန်မာပြန်ရန် ပါဠိဝါကျများ

၁။ စောရော ဂေဟဿ ဆဒိ အသိနာ ဝိဇ္ဈတိ။

၂။ ဣသိ စောရဿ ကောဓံ ဇယတိ။

၃။ မုနယော ဝုဟာယံ ဂါထာယော ဂါယန္တိ။

၄။ ကညာယော ဥယျာနေ နှာပန္တိ။

၅။ မယံ အဟိ ဝနေ မုဉ္စာမ။

မြန်မာပြန်ပုံ

၁။ သူခိုးသည် အိမ်၏အမိုးကို မားဖြင့် ထိုးဆွ၏။

၂။ ရသေ့သည် သူခိုး၏အမျက်ကို အောင်၏။

၃။ ရဟန်းတို့သည် လိုဏ်ဂူ၌ ဂါထာတို့ကို သီဆိုကြ၏။

၄။ မိန်းကလေးတို့သည် ဥယျာဉ်၌ ရေချိုးကြ၏။

၅။ ငါတို့သည် မြေကို တော၌ လွှတ်ကြ၏။

http://www.dhammadownload.com

ပါဠိစီရန်မြန်မာပါကျများ

၁။ မိန်းကလေးများသည် အဝတ်များကို သီချုပ်ကြ၏။
၂။ စစ်သားသည် သူခိုး၏ မျက်စိတို့ကို ဓားဖြင့် ထိုးဆွ၏။
၃။ သူဌေးသည် ရထားထိန်း၏ ဆွေမျိုးကို စိတ်ဆိုး၏။
၄။ သင်တို့သည် ရန်သူတို့ကို ဓားဖြင့် တိုက်ခိုက်ကြပါလော့။
၅။ ငါတို့သည် နို့ဓမ်းကို နှစ်သက်ကြ၏။

ပါဠိခိုးပုံ

၁။ ကညာယော ဝတ္ထာနိ သိဗ္ဗန္တိ။
၂။ ပတ္တိ စောရဿ အက္ခီနိ အသိနာ ဝိဗ္ဘတိ။
၃။ သေဋ္ဌိ သာရထိနော ဉာတိ ကုဗ္ဘတိ။
၄။ တုမ္ဟေ အရယော အသိနာ ယုဗ္ဘထ။
၅။ မယံ ဒဓိ တုဿာမ။

ဖြစ်သင့်သလိုပါဠိစီ၍ မြန်မာပြန်ရန်

၁။ ကညာ၊ သမုဒ္ဒ၊ နာဓာတ်။
၂။ မုနိ၊ ဂိရိ၊ ဂါထာ ဂါဓာတ်။
၃။ ဂဟပတိ၊ ဉာတိ၊ သပ္ပိ၊ ဒါဓာတ်။
၄။ အရိ၊ သေဋ္ဌိ၊ မဏိ၊ ဒုသဓာတ်။
၅။ မယံ၊ ခေတ္တ၊ ဂေဏ္ဍ၊ ကသဓာတ်။

ပါဠိစီ၍မြန်မာပြန်ပုံ

၁။ ကညာ ယော သမုဒ္ဒေ နာယန္တိ။
မြန်မာ ။ ။ မိန်းကလေးတို့သည် သမုဒ္ဒရာ၌ ရေချိုးကြ၏။
၂။ မုနယော ဂိရိသ္မိံ ဂါထာယော ဂါယန္တိ။
မြန်မာ ။ ။ ရဟန်းတို့သည် တောင်၌ ဂါထာတို့ကို သီဆိုကြ၏။
၃။ ဂဟပတိ ဉာတိနံ သပ္ပိံ ဒေတိ။
မြန်မာ ။ ။ သူကြွယ်သည် ဆွေမျိုးတို့အား ထောပတ်ကို ပေး၏။
၄။ အရယော သေဋ္ဌိနော မဏိံ ဒုဿန္တိ။

http://www.dhammadownload.com

မြန်မာ ။ ။ ရန်သူတို့သည် သူဌေး၏ ပတ္တမြားကို ဖျက်ဆီးကြ၏။

၅။ မယ် ခေတ္တံ ဂေါဏော်ဟိ ကသာမ။

မြန်မာ ။ ။ ငါတို့သည် လယ်ကို နွားတို့ဖြင့် ထွန်ယက်ကြ၏။

အမှန်ပြင်၍မြန်မာပြန်ရန်

၁။ (မယံ) စောရဿ အက္ခီနိ အသိနာ ဝိဇ္ဈာမိ။

၂။ တုမှေ ဒဓိ (တုဿသိ)။

၃။ (သော) ရထဿ ဆဒိ အသိနာ ဒုဿတိ။

၄။ (မုနိ) ဂိရိမှိ ဝိဇ္ဈန္တိ။

၅။ အဟံ ရထဿ ဆဒိမှိ (မဇ္ဈာမ)။

အမှန်ပြင်၍ မြန်မာပြန်ပုံ

၁။ အဟံ စောရဿ အက္ခီနိ အသိနာ ဝိဇ္ဈာမိ။

မြန်မာ ။ ။ ငါသည် သူခိုး၏ မျက်စိတို့ကို မားဖြင့် ထိုးဆွ၏။

၂။ တုမှေ ဒိဓိ တုဿထ။

မြန်မာ ။ ။ သင်တို့သည် နို့ဓမ်းကို နှစ်သက်ကြ၏။

၃။ သော ရထဿ ဆဒိ အသိနာ ဒုဿတိ။

မြန်မာ ။ ။ သူသည် ရထား၏ အမိုးကို မားဖြင့် ဖျက်ဆီး၏။

၄။ မုနယော ဂိရိမှိ ဝိဇ္ဈန္တိ။

မြန်မာ ။ ။ ရဟန်းတို့သည် တောင်၌ ထိုးဆွကြ၏။

၅။ အဟံ ရထဿ ဆဒိမှိ မဇ္ဈာမိ။

မြန်မာ ။ ။ ငါသည် ရထား၏အမိုး၌ ယစ်မူးနေ၏။

မြန်မာပြန်ရန် ပါဠိဝါကျများ

၁။ မယံ ယဋ္ဌိယာ ဂိရိံ ရတ္တိယာ ပဇ္ဇေယျာမ။

၂။ ကဝိ မုနိနော ဒိဋ္ဌံ တုဿေယျ။

၃။ တုမှေ စောရေ သတ္တိယာ ဝိဇ္ဈေယျာထ။

၄။ ကဿကာ ခေတ္တာနိ ဘတိယာ ကသေယျုံ။

၅။ သော ဓညာနိ ပစ္ဆိယာ ဟရေယျ။

http://www.dhammadownload.com

မြန်မာပြန်ပုံ

၁။ ငါတို့သည် တောင်ဝှေးဖြင့် တောင်သို့ ညဉ့်အခါ၌ သွားကြရာ၏။
၂။ (စာဆို) ပညာရှိသည် ရဟန်း၏အယူကို နှစ်သက်ရာ၏။
၃။ သင်တို့သည် သူခိုးတို့ကို လှဲဖြင့် ထိုးဆွကြရာ၏။
၄။ လယ်သမားတို့သည် လယ်တို့ကို လုပ်အားခဖြင့် ထွန်ယက်ကြရာ၏။
၅။ သူသည် စပါးတို့ကို တောင်းဖြင့် သယ်ဆောင်ရာ၏။

ပါဠိစီရန်မြန်မာဝါကျများ

၁။ ရဟန်းသည် ညအခါ တောင်၌ ဂါထာတို့ကို ရွတ်ဆို၏။
၂။ ရသေ့သည် တောင်ဝှေးဖြင့် သူကြွယ်၏အိမ်သို့ သွားရာ၏။
၃။ စစ်သားသည် လှဲဖြင့် သူခိုး၏ အရေကို ထိုးဆွရာ၏။
၄။ သင်တို့သည် တန်ခိုးဖြင့် ထွန်းပကုန်ရာ၏။
၅။ ငါတို့သည် အခဖြင့် လယ်များကို ထွန်ကြရာ၏။

ပါဠိဝါကျစီကုံးပုံ

၁။ မုနိ ရတ္တိယံ ဂိရိမှိ ဂါထာယော ဂါယေယျ။
၂။ ဣသိ ယဋ္ဌိယာ ဂဟပတိနော ဂေဟံ ပဒ္ဓေယျ။
၃။ ပတ္တိ သတ္တိယာ စောရဿ ဆဝိံ ဝိဒ္ဓေယျ။
၄။ တုမှေ ဣဒ္ဓိယာ ဒိဗ္ဗေယျာထ။
၅။ မယံ ဘတိယာ ခေတ္တာနိ ကသေယျာမ။

ဖြစ်သင့်သလိုပါဠိစီ၍ မြန်မာပြန်ရန်

၁။ ကမ္မကာရ၊ တန္တိ၊ ပစ္ဆိ၊ သိဝုဓာတ်။
၂။ သေဋ္ဌိ၊ ဣသိ၊ ဣဒ္ဓိ၊ တုသဓာတ်။
၃။ ကဝိ၊ ကဝိ၊ အရိ၊ ဟတ္ထ၊ မုစဓာတ်။
၄။ ကညာ၊ သူစိ၊ အဂ်ုလိ၊ ဆဝိ၊ ဝိဓဓာတ်။
၅။ တွံ၊ ဘတိ၊ သေဋ္ဌိ၊ ခေတ္တ၊ ကသဓာတ်။

http://www.dhammadownload.com

ပါဠိစီရ်မြန်မာပြန်ပုံ

၁။ ကမ္မကာရော တန္တိယာ ပစ္ဆိ သိဗ္ဗေယျ။

မြန်မာ ။ ။ အလုပ်သမားသည် ကြိုးဖြင့် တောင်းကို ချုပ်စပ်ရာ၏။

၂။ သေဋ္ဌိ ဂ္ဂသိနံ ဂ္ဂဒ္ဒိ တုဿေယျ။

မြန်မာ ။ ။ သူဌေးသည် ရသေ့တို့၏ တန်ခိုးကို နှစ်သက်ရာ၏။

၃။ ကဝိနော ကပယော အရိနော ဟတ္ထတော မုစ္စေယျုံ။

မြန်မာ ။ ။ (စာဆို) ပညာရှိ၏ မျောက်တို့သည် ရန်သူ၏ လက်မှ လွတ်မြောက်ကြရာ၏။

၄။ ကညာ သူစိယာ အင်္ဂုလိယာ ဆဝိ ဝိဇ္ဈေယျ။

မြန်မာ ။ ။ မိန်းကလေးသည် အပ်ဖြင့် လက်ချောင်း၏ အရေကို ထိုးဆွရာ၏။

၅။ တွံ ဘတိယာ သေဋ္ဌိနော ခေတ္တာနိ ကသေယျာသိ။

မြန်မာ ။ ။ သင်သည် အခဖြင့် သူဌေး၏ လယ်တို့ကို ထွန်ယက်ရာ၏။

အမှန်ပြင်၍မြန်မာပြန်ရန်

၁။ အဟံ ဘတိယာ ခေတ္တံ (ကသေယျာမ)။

၂။ (တွံ) သူစိယာ ဝတ္ထာနိ သိဗ္ဗေယျာထ။

၃။ (ပတ္တိ) သတ္တိယာ စောရဿ အင်္ဂိနိ ဝိဇ္ဈေယျုံ။

၄။ တေ ဓညာနိ ပစ္ဆိယာ (ဟရေယျ)။

၅။ မယံ ရတ္တိယံ ဥယျာနေ (နှာယေ)။

အမှန်ပြင်၍ မြန်မာပြန်ပုံ

၁။ အဟံ ဘတိယာ ခေတ္တံ ကသေယျာမိ။

မြန်မာ ။ ။ ငါသည် အခဖြင့် လယ်ကို ထွန်ရာ၏။

၂။ တုမ္ဟေ သူစိယာ ဝတ္ထာနိ သိဗ္ဗေယျာထ။

မြန်မာ ။ ။ သင်တို့သည် အပ်ဖြင့် အဝတ်တို့ကို ချုပ်စပ်ကြရာ၏။

၃။ ပတ္တိယော သတ္တိယာ စောရဿ အင်္ဂိနိ ဝိဇ္ဈေယျုံ။

မြန်မာ ။ ။ ခြေလျင်တပ်သား (စစ်သား) တို့သည် လုံ့ဖြင့် သူခိုး၏ အရိုးတို့ကို ထိုးဆွကုန်ရာ၏။

၄။ တေ ဓညာနိ ပစ္ဆိယာ ဟရေယျုံ။

http://www.dhammadownload.com

မြန်မာ ။ ။ သူတို့သည် စပါးတို့ကို တောင်းဖြင့် သယ်ဆောင်ကြရာ၏။
၅။ မယံ ရတ္တိယံ ဥယျာနေ နှာယေယျာမ။
မြန်မာ ။ ။ ငါတို့သည် ည၌်အခါ ဥယျာဉ်၌ ရေချိုးကြရာ၏။

ပါဠိစီရုန်မြန်မာဝါကျများ

၁။ ဘုရားရှင်သည် ရဟန်းကို တရားဟောစေ၏။
၂။ ဆရာသည် တပည့်ကို ပြဿနာကို ဖြေဆိုစေ၏။
၃။ ယောကျ်ားသည် မိန်းမကို ထမင်းကို ချက်စေ၏။
၄။ သူဌေးသည် ကျွန်ုပ်ကို အလုပ်ကို ပြုလုပ်စေ၏။
၅။ သင်သည် ကျွန်ုပ်ကို အလျှကို ပေးစေ၏။

ပါဠိခဲကုံးပုံ

၁။ ဗုဒ္ဓေါဘိက္ခု ဓမ္မံ ဒေသာပေတိ။
၂။ အာစရိယော သိဿံ ပဉ္ဟံ ဝိဿဇ္ဇာပေတိ။
၃။ ပုရိသော ကုတ္ထိ ံ ဩဒနံ ပါစေတိ။
၄။ သေဋ္ဌိ မံ ကမ္မံ ကာရာပေတိ။
၅။ တွ ံ မံ ဒါနံ ဒါပေသိ။

အောက်ပါတို့ကို ကတ္တားဟောဝါကျ ပြောင်းရန်

၁။ ဘိက္ခုနော ဘတ္တံ ဘုဉ္ဇိယတေ။
၂။ သိဿေန အာစရိယော ဝန္ဒိယတေ။
၃။ မယာ ဂါမော ဂစ္ဆိယတေ။
၄။ ပုရိသေန ဩဒနော ပစ္စတေ။
၅။ တယာ ဓနံ ဂ္ဟစ္ဆိယတေ။

အောက်ပါတို့ကို ကတ္တားဟောဝါကျ ပြောင်းရန်

၁။ ဘိက္ခု ဘတ္တံ ဘုဉ္ဇတိ။
၂။ သိဿော အာစရိယံ ဝန္ဒတိ။

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

၃။ အဟံ ဂါမံ ဂစ္ဆာမိ။
၄။ ပုရိသော ဩဒနံ ပစတိ။
၅။ တွံ မနံ ကုစ္ဆသိ။

ပါဠိစီရုန်မြန်မာဝါကျများ

၁။ ရဟန်းသည် တရားကို ကျင့်၏။
၂။ တပည့်သည် ဆရာကို ရှိခိုး၏။
၃။ လူတို့သည် ရဟန်းအား သင်္ကန်းကို ပေးလှူကြ၏။
၄။ သင်သည် ဂါထာကို ရွတ်ဆို၏။
၅။ ကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ပူဇော်ကြ၏။

ပါဠိစကားပုံ

၁။ ဘိက္ခု မမံ စရတိ (သိက္ခတိ)။
၂။ သိဿော အာစရိယံ ဝန္ဒတိ။
၃။ မနုဿာ ဘိက္ခုနော စီဝရံ ဒေန္တိ။
၄။ တွံ ဂါထံ ဂါယသိ။
၅။ မယံ ဗုဒ္ဓံ ယဇာမ (ပူဇေမ)။

အောက်ပါတို့ကို ကံဟောဝါကျ ပြောင်းရန်

၁။ ဗုဒ္ဓေါ မမံ ဒေသေတိ။
၂။ သမဏော မမံ စရတိ။
၃။ ကဿကော ခေတ္တံ ကသတိ။
၄။ တွံ ဒမိ တုဿသိ။
၅။ အဟံ ကမ္မကာရံ ကရောမိ။

ကံဟောဝါကျသို့ ပြောင်းပုံ

၁။ ဗုဒ္ဓေန မမ္မော ဒေသီယတေ။
၂။ သမဏေန မမ္မော စရီယတေ။

http://www.dhammadownload.com

၃။ ကဿကေန ခေတ္တံ ကသိယတေ။
၄။ မယာ ကမ္မကာရော ကရိယတေ။

ပါဠိစရုန်မြန်မာဝါကျများ

၁။ ရဟန်းသည် တရားကို ဟောအပ်၏။
၂။ လူတို့သည် ရေကို သောက်အပ်၏။
၃။ မင်သည် ခိုးသူကို သတ်အပ်၏။
၄။ သင်သည် ဥစ္စာကို ယူအပ်၏။
၅။ ကျွန်ုပ်သည် အဝတ်ကို စွန့်အပ်၏။

ပါဠိခဲကုံးပုံ

၁။ ဘိက္ခုနာ မဳော ဒေသိယတေ။
၂။ မနုဿေဟိ ဥဒကံ ပိယတေ။
၃။ ရညာ စောရော ဟညတေ။
၄။ တယာ ဓနံ ဂယှတေ။
၅။ မယာ ဝတ္ထံ ဟီယတေ။ (စဇီယတေ)

http://www.dhammadownload.com

အခန်း (၃)

ပါဠိစီကုံးရန် ပါဠိဝေါဟာရများ

ပုရိသာဒိဂိုဏ်း အကာရန္တပုလ္လိင် နာမ်ပုဒ်များ

မှတ်ချက် ။ ။ ပါဠိစီကုံးရာ၌ အသုံးပြုရန် သမာသ်နာမ်, တဒ္ဓိတ်နာမ်ပုဒ်အချို့ကို ထည့်သွင်းထားပါသည်။

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ပုရိသော, ပေါသော	ယောကျ်ား	ခတ္တိယော	မင်း
ဗုဒ္ဓေါ, သုဂတော,နာထော၊ တထာဂတော	ဘုရား	အမစ္စော	အမတ်
		ပုတ္တော	သား
ဗောဓိသတ္တော၊ မဟာသတ္တော	ဘုရားအလောင်း	မိတ္တော	မိတ်ဆွေ
ဓမ္မော	တရား	ဒါရကော	ကလေး
သံယော	သံဃာ	ယောဓော၊ ဘဋော	စစ်သား
သမဏော	ရဟန်း	စောရော	သူခိုး
သာမဏေရော၊ သမဏုဒ္ဒေသော	ကိုရင်	ဝါဏိဇော	ကုန်သည်
		သတ္ထော	သတ္ထဝါ
အာစရိယော၊ အာစေရော	ဆရာ	ကဿကော	လယ်သမား
သိဿော	တပည့်	ကာယော	ကိုယ်
မဂ္ဂေါ	လမ်း	သမ္ဘဝေါ	သုက်သွေး
ပဿာဝေါ	ကျင်ငယ်	မစ္ဆော	ငါး
ဒေဝေါ၊ သုရော	နတ်	ကစ္ဆပေါ၊ ကုမ္ဘော	လိပ်
သက္ကော၊ ဒေဝါနမိန္ဒော	သိကြား	သကုဏော	ငှက်
ဗြာဟ္မဏော	ရဟန္တာ၊ ပုဏ္ဏား	ကာကော	ကျီး
မနုဿော၊ နရော ဇနော၊ ဂဟဋ္ဌော	လူ	ကုက္ကုဋော	ကြက်
		ဥရဂေါ, သပ္ပေါ	မြွေ

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
မာတုဂါမော	မိန်းမ	နာဂေါ	နဂါး, ဆင်
ဩရောဓော	မောင်းမ	အစ္ဆော	ဝံ
ဒါသော	ကျွန်	တရစ္ဆော	အောင်း
ဟတ္ထော	လက်	မိဂေါ	သမင်, သားကောင်
ပါဒေါ	ခြေ	မာဂဝိကော	သားမုဆိုး
ဂေါဏော	နွား	ဝေဇ္ဇော	ဆေးဆရာ
ကမ္မကာရော	အလုပ်သမား	ပူဝိကော	မုန့်သည်
ဂေါပါလော	နွားကျောင်းသား	ဂိလာနော	လူနာ
အဇော	ဆိတ်	ဂမိကော	ခရီးသွား
အဇပါလော	ဆိတ်ကျောင်းသား	သူကရိကော	ဝက်သတ်သမား
လုဒ္ဒေါ, လုဒ္ဒကော	မုဆိုး	တေလိကော	ဆီကုန်သည်
ယက္ခော	နတ်, ဘီလူး	မယူရော	ဥဒေါင်း
သီဟော	ခြင်္သေ့	ဟံသော	ဟင်္သာ
အဿော, တုရင်္ဂေါ	မြင်း	အာဟာရော	အစာ
ဧဠကော	သိုး	နိလယော	အိမ်
မဟိံသော	ကျွဲ	ဂါမော	ရွာ
ပေတော	ပြိတ္တာ	ပုထုဇ္ဇနော	ပုထုဇဉ်
မာတင်္ဂေါ, ကုဉ္ဇရော	ဆင်	ဥပဇ္ဈာယော	ဥပဇ္ဈာယ်ဆရာ
ဇေဋ္ဌော	အစ်ကိုကြီး	ယာစကော, ဝနိဗ္ဗကော	သူတောင်းစား
ရောဂေါ	အနာရောဂါ		
ဇိဏ္ဏော, မဟလ္လကော	လူအို	ဥစ္ဆင်္ဂေါ	ခါးပိုက်
		အင်္ကော	ရင်ခွင်
ဥစ္စာရော, ဂူထော ဝစ္စော, ကရီသော	ကျင်ကြီး	အာကပ္ပေါ, ဝေသော	အသွင်အပြင်
ဂေါပ္ပကော	ခြေမျက်စိ	အလင်္ကာရော	အဆင်, တန်ဆာ

http://www.dhammadownload.com

ပါဠိဋီ	မြန်မာ	ပါဠိဋီ	မြန်မာ
ကသော	ဆံပင်	မတ္ထကော	ဦးခေါင်း
ခရော, ကကစော	လွှ	ဂလော, ဂဏ္ဍော	လည်ချောင်း
ဗိဠာရော	ကြောင်	ကဏ္ဌကော	ဆူး
သိဂ်ါလော	မြွေခွေး (ခွေးအ)	သဂ်ါမော	စစ်ထိုးခြင်း
		ပထိကော	ခရီးသွားသူ
မူသိကော	ကြွက်	ဂဏကော, မုဟုတ္တိကော	ဗေဒင်ဆရာ
စရော, ဂုဠပုရိသော	စုံထောက်		
မဏ္ဍူပေါ	မဏ္ဍပ်	ပိဋ္ဌကော, ပေဋ္ဌကော	တောင်း၊ ခြင်း

မှတ်ချက် ။ ။ မဏ္ဍူပ, ဂူထ, ကရီသ, ဝစ္စ သဒ္ဒါတို့သည် ပုလ္လိင်-နပုလ္လိင်နှစ်မျိုးရှိသည်ဟု အဘိဓာန်၌ ဆိုပါသည်။ ကကစ-သဒ္ဒါကို ပုလ္လိင်၊ နပုလ္လိင်ဟုဆို၏။

တစ္ဆကော	သစ်ရွှေသမား	အန္ဓော	ကန်းသူ
နိဂမော	နိဂုံး	ရထော	ရထား
ဝိဟာရော	ကျောင်း	သာမိကော	လင်
အာရာမော	အာရာမ် ကျောင်းတိုက်	သဟာယကော, သဟာယော	သူငယ်ချင်း
ပါကာရော	တံတိုင်း	ဗာလော	သူမိုက်
သမုဒ္ဒါ	သမုဒ္ဒရာ	ပဏ္ဍိတော	ပညာရှိ
ဒီပေါ	ကျွန်း	ထေရော	ထေရ် လူအို
ပဗ္ဗတော	တောင်	မာဏဝေါ	လုလင်
ရုက္ခော	သစ်ပင်	သဒ္ဒါ	အသံ
ပူဂေါ	ကွမ်းသီးပင်	သရော	မြား
ပနသော	ပိန္နဲပင်	ဩဒနော	ထမင်း
အသနော	ပိတောက်ပင်	ဥဋ္ဌကော်	ရေမှုတ်

http://www.dhammadownload.com

ပါဠိဓါတ်	မြန်မာ	ပါဠိဓါတ်	မြန်မာ
အမ္ဘော	သရက်ပင်	စာဂေါ	စွန့်ကြဲခြင်း
တာလော	ထန်းပင်	သာရမ္ဘော	ချုပ်ချယ်စော်ကား
ပုစိမန္ဒော	တမာပင်	ဘမရော	ပျား, ပိတုန်း
အာကာသော	ကောင်းကင်	ဘာရော	တာဝန်
သူရိယော	နေ	အံသော	ပခုံး
စန္ဒော	လ	သာလော	ယောက်ဖ
အာလောကော	အလင်းရောင်	သသုရော	ယောက္ခမ
လောကော	လောက		ယောက်ျား
ကောဓော	အမျက်	သီသိကော	ခေါင်းရွက်
မက္ကဋော, ဝါနရော	မျောက်		စေ့းသည်
သုနခေါ, သောဏော	ခွေး	ကနိဋ္ဌော	ညီငယ်
သူကရော, ဝရာဟော	ဝက်	မာလာကာရော	ပန်းသည်
		ထမ္ဘော	တိုင်
ကေဝဋ္ဋော	တံငါသည် (ရေလုပ်သား)	ကုဒါလော	ပေါက်တူး
		တက္ကာလော	ဆန်
ဘာဂိနေယျော	တူ (ညီမသား)	ဓဇော	အလံ, တံခွန်

ဓိတ္ထာဒိဂဏ်း

အကာရန္တ နပုလ္လိင် နာမ်ပုဒ်များ

စိတ္တံ	စိတ်	ကမ္မလံ	ကမ္မလာ
ဟဒယံ	နှလုံး	ဆတ္တံ	ထီး
ဇိဝိတံ	အသက်	ဥပါဟနံ	ဖိနပ်
ရူပံ	အဆင်း, ရုပ်	လိင်္ဂံ	လိင်, အသွင်
စျာနံ	စျာန်	သကဋံ	လှည်း
ဉာဏံ	ဉာဏ်	ယာနံ	ယာဉ်
ပုပ္ဖံ	ပန်း	ဝိဋ္ဌံ	အင်းပျဉ်, ထိုင်ခုံ
ဖလံ	အသီး	အာယုဓံ, အာဝုဓံ	လက်နက်
ပဏ္ဏံ	အရွက်, စာ	ဒါနံ	အလှူ

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
မူလံ	အမြစ်	သီလံ	သီလ
တိဏံ	မြက်	သုခံ	ချမ်းသာ
ဝနံ, အရညံ	တော	ဒုက္ခံ	ဆင်းရဲ
ပဝနံ	တောကြီး	ပုညံ	ကောင်းမှု
ဥယျာနံ	ဥယျာဉ်	ကုသလံ	ကုသိုလ်
ဧညံ	စပါး	ပါပံ	မကောင်းမှု
ကမလံ, အမ္ဗုဇံ	ကြာ	ဗလံ	ခွန်အား
ဒါတွံ	တံစဉ်	မင်္ဂလံ	မင်္ဂလာ
ဓနံ	ဥစ္စာ	ပဒံ, အမတံ	နိဗ္ဗာန်
ကနကံ, ဟိရညံ	ရွှေ, ငွေ	စေတိယံ	စေတီ
ဝတ္ထုံ	အဝတ်	သောပါနံ	စောင်းတန်း
စီဝရံ	သင်္ကန်း	ဘဝနံ, ဘုဝနံ	ဘုံ, ဗိမာန်, အိမ်
ပသာဓနံ	တန်ဆာ	ရဇ္ဇံ	နိုင်ငံ
ဝါဏိဇံ	ကုန်သွယ် (ရောင်းဝယ်)	ဆဒနံ	အမိုး
		ဆိဒ္ဒံ	အပေါက်
နဂရံ	မြို့	ပဒံ	ပုဒ်
ဂဂနံ	ကောင်းကင်	ပဒုမံ	ပဒုမ္မာကြာ
ဃရံ, ဂေဟံ	အိမ်	မရဏံ	သေခြင်း
ဒွါရံ	တံခါး	အာရမ္မဏံ	အာရုံ
သုသာနံ	သုသာန်	သုက္ကံ	သုတ်သွေး
တီရံ, ကူလံ	ကမ်းပါး	ဘယံ	ဘေး၊ ကြောက်ခြင်း
ဥဒကံ, ဇလံ	ရေ	ဘဏ္ဍံ	ဘဏ္ဍာ
ဇာလံ	ပိုက်ကွန်	ကတိကဝတ္တံ	ကတိကဝတ်
ပလ္လလံ	ညွန်အိမ်	ဘေသဇ္ဇံ	ဆေး
ကမ္မံ	အလုပ်	ဓုရံ	တာဝန်
ဘတ္တံ	ထမင်း	ကမ္မဋ္ဌာနံ	ကမ္မဋ္ဌာန်း
အသနံ	စားစရာ	ဝသနဋ္ဌာနံ	နေရာအရပ်
လဝဏံ, လောဏံ	ဆား	မလံ	ကျင်ကြီး၊ အညစ်
ဃမ္မံ	နွေကာလ		အကြေး

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ပါနံ	သောက်စရာ	နာမံ	အမည်
	ဖျော်ရည်	ကလတ္တံ	ဇနီး (မယား)
အဂ်	ကိုယ်အင်္ဂါ	ဓီရံ	နို့ရည်
မုခံ၊ ဝဒနံ	မျက်နှာ၊ ခံတွင်း	လောမံ	အမွေး
နယနံ	မျက်လုံး	စမ္မံ	အရေ
ဝစနံ	စကား	ဝိမာနံ	ဗိမာန်
သောတံ	နား	တေလံ	ဆီ
ဃာနံ	နှာခေါင်း	မုတ္တံ	ကျင်ငယ်
တုဏ္ဍံ	နှုတ်သီး	ကုဏ္ဍလံ	နားတောင်း
အဏ္ဍံ	အဥ	သရီရံ၊ ဂတ္တံ	ကိုယ်
မံသံ	အသား	အဝမာရဏံ	တူးရွင်း
ဗီဇံ	မျိုးစေ့		

ကညာဒိဂို်း

အာကာရန္တ ဣတ္တိလိင်နာမ်ပုဒ်များ

ကညာ,ကုမာရိကာ	သူငယ်မ	မာယာ	လှည့်ပတ်မှု
ဒါရိကာ	ကလေးမ	တဏှာ	တွယ်တာတပ်မက်မှု
ဘရိယာ၊ ဇာယာ	မယား	ဣစ္ဆာ	လိုချင်ခြင်း
အမ္မာ၊ အန္နာ	မိခင်	မုစ္ဆာ	တွေဝေမိန်းမောမှု
သုဏိသာ	ခွေးမ	သိက္ခာ	အကျင့်
ခတ္တိယာ	မင်းသမီး	အာသာ	အလို
ဝဏ္ဏာ	မိန်းမမြို့	လေခါ	စာရေးအတတ်ပညာ
ဒေဝတာ	နတ်၊ နတ်သမီး	ပုစ္ဆာ	အမေး
သဘာ	ပွဲသဘင်၊ အစည်း	ဝီဏာ	စောင်း
	အဝေး, စွေးရုံ	လာလာ, ဧလာ	တံတွေး
မာလာ	ပန်း	တုလာ	ချိန်ခွင်
သေနာ	စစ်တပ်	ဒေါလာ	ပုခက်
မေတ္တာ	ချစ်ခင်မှု၊ မေတ္တာတရား		

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ကရုဏာ	သနားမှု	ဃဏ္ဌာ	ခေါင်းလောင်း
ဝေဒနာ	ခံစားမှု	မုဒ္ဒါ	လက်စွပ်
ပညာ	သိမှု	သိခါ	အမောက်၊ ဦးစွန်းဖုတ်
ဝိဇ္ဇာ	နှုတ်မှုအတတ်ပညာ	ဝေလာ	အချိန်၊ ကမ်းပါး
သဒ္ဓါ	ယုံကြည်မှု	သိလာ	ကျောက်ခဲ
မေဓာ	ပင်ကိုဉာဏ်	သာလာ	ဇရပ်
စိန္တာ	ကြံစည်မှု	ဂုဟာ	လိုဏ်ဂူ
မန္တာ	တိုင်ပင်မှု	ဆာယာ	အရိပ်
မဏ္ဍူသာ	သေတ္တာ	ဗာဟာ	လက်မောင်း
ဝါလိကာ	သဲ	ဂီဝါ	လည်ပင်း
ဂဂီ	ဂဂီမြစ်	ဇယ်ာ	ခြေသလုံး
ဂါထာ	ဂါထာ	သောဏ္ဍာ	ဆင်နှာမောင်း
ဒိသာ	အရပ်မျက်နှာ	သာခါ	သစ်ခက်
ဇာလာ	မီးလျှံ	ဇင္ဇာ	ဆံကျစ်
ဥက္ကာ	ဆီမီး	ဃဋ္ဋာ	အိုး
ပဘာ	အရောင်	ဥကာ	သန်း
ဇုဏှာ	လရောင်	သလာကာ	ဝါးခြမ်း
နာဝါ	လှေ	ဝဋ္ဋကာ	ငုံး
ပူဇာ	ပူဇော်ခြင်း	ဂေါဓာ	ဖွတ်
ခိဠာ	ပျော်ပါးကစားမှု	ဗလာကာ	ဗျိုင်းအောက်
သက္ခရာ	ကျောက်စရစ်	ပဇာ	သတ္တဝါ
လီလာ	တင့်တယ်ခြင်း	ပိပါသာ	ရေသောက်လိုခြင်း (ရေဆာ)
ခမာ	သည်းခံမှု		
သီမာ	သိမ်အပိုင်းအခြား	ကထာ၊ ဝါစာ	စကား
နိဒ္ဒါ	အိပ်ပျော်ခြင်း	မတ္တာ	အတိုင်းအရှည်
ဝါသနာ	အထုံဝါသနာ	ဇေဋ္ဌာ	အစ်မကြီး
ပပါ	ရေအိုးစင်	သူရာ	သေရည် (အရက်)

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
လတာ	နွယ်	ဝဏ္ဏာ	ကုန်သွယ်(ရောင်းဝယ်)
ဇဝါ	လျှာ	သိပ္ပသာလာ	အလုပ်ရုံ
နာသာ	နှာခေါင်း	သောဏ္ဏာ	အရက်ဆိုင်
		သုဓာ	နတ်အစာ, အင်္ဂတေ

ရတ္တာဒိဂိုဏ်း

ဏ္ဏကာရန္တ ဏ္ဏတ္ထိလိင်နာမ်ပုဒ်များ

ရတ္တိ	ညဉ့်	တန္တိ	ကြိုး
စုတိ	သေခြင်း	သူစိ	အုပ်
ပီတိ	နှစ်သက်ခြင်း	ခန္တိ	သည်းခံခြင်း
သတိ	အောက်မေ့ခြင်း	ကန္တိ	နှစ်သက်ခြင်း
ဂတိ	လားရာဂတိ	တန္တိ	အစဉ်အတန်း
မတိ	သိခြင်း(ဉာဏ်)	ဘူမိ	မြေ
သတ္တိ	လုံ့	အင်္ဂုလိ	လက်ချောင်း
ဇာတိ	ဖြစ်ခြင်း	ဆဝိ	အရေ
မုတ္တိ	လွတ်မြောက်ခြင်း	ပတ္တိ	ခြေလျင်စစ်သား
ကိတ္တိ	ကျော်စောခြင်း	ယုတ္တိ	အသင့်ယုတ္တိ
တိတ္တိ	ရောင့်ရဲခြင်း	သန္တိ	ငြိမ်းအေးခြင်း
ဝီထိ	လမ်း	သုဒ္ဓိ	စင်ကြယ်ခြင်း
ဝုဋ္ဌိ	မိုး	ဗောဓိ	သိခြင်း
တုဋ္ဌိ	နှစ်သက်ခြင်း	သူတိ	သားဖွားခြင်း
ဒိဋ္ဌိ	အယူ	နန္ဒိ	နှစ်သက်ခြင်း
ဣဋ္ဌိ	တန်ခိုး	သန္ဓိ	ပဋိသန္ဓေ
သိဋ္ဌိ	ပြီးစီးခြင်း	သာဏိ	ကန့်လန့်ကာ
ဝုဋ္ဌိ, ဝုဋ္ဌိ	ကြီးပွားခြင်း	ကောဋ္ဌိ	ကုဋေ၊ အစွန်း
ဗုဒ္ဓိ	ပညာ	ယဋ္ဌိ	တောင်ဝှေး(တုတ်)
ပစ္စဗ္ဗိ	တောင်း	ဝုတ္တိ	အသက်မွေးခြင်း

http://www.dhammadownload.com

ပါဠိဋ္ဌ	မြန်မာ	ပါဠိဋ္ဌ	မြန်မာ
ဘတိ	အခ (လုပ်အားခ)	ကေဠိ	ကစားခြင်း
ပါဠိ	ပါဠိတော်(ပုဒ်အစဉ်)	နာဘိ	ချက်အရပ်
ယုဝတိ	အပျို	ဒုန္နာဘိ	စည်ကြီး
ရုစိ	အလို	ဒေါဏိ	စားကျင်း
ရတိ	မွေ့လျော်ခြင်း	အဇ္ဇဝိ	တောအုပ်
ရဿိ	အရောင်	ဝိကတိ	ဖောက်ပြန်ခြင်း
အသနိ	မိုးကြိုး	နာဠိ	ကျည်တောက်
ဩသဓိ	ဆေး	ဓိတိ	လုံလဝီရိယ
ခနိတ္တိ	တူးရွင်း		

ဥကာရန္တ ဣတ္ထိလိင် နာမ်ပုဒ်များ

ယာဂု	ဆန်ပြုတ်၊ ထမနဲ	ဥတု	ဥတု
ဓာတု	ဓာတ်	ကဏ္ဏု၊ ကဏ္ဍု	ယားနာ၊ ပွေး၊ ဝဲနာ
ဓေနု	နွားမ	ခဇ္ဇု	ယားနာ
ကရေဏု	ဆင်မ	ဝဏ္ဏု	သဲ
ဟနု	မေးရိုး	နတ္ထု	နှာခေါင်း
ကာသု	တွင်း	တနု	ကိုယ်
ဥသု	မြား	ဒဒ္ဒု	ပွေး၊ ညှင်း
ဝိဇ္ဇု	လျှပ်စစ်	ပိယင်္ဂု	ပျဉ်းမပင်
ဣဂ္ဂု	ဗေဒင်	သဿု	ယောကျ့မမိန်းမ
ဝိဇ္ဇု	လျှပ်ပန်း	ဥဠု	ကြယ်တာရာ
ရဇ္ဇု	ကြိုး	ဓီတု၊ ဒုဟိတု	သမီး
ဓာတု	မိခင်		

မှတ်ချက် ။ ။ ဥတုသဒ္ဒါသည် ဣတ္ထိလိင်၊ ပုလိင်နှစ်မျိုးရှိသည်ဟု အဘိဓာန်၌ ဆိုပါသည်။ ဓာတု၊ ဓီတု၊ ဒုဟိတုသဒ္ဒါတို့ကား ရုပ်စဉ်ပုံထူးကြ၏။ သတ္တာဒိဂုဏ်း ပိတုသဒ္ဒါ ရုပ်စဉ်ပုံကိုပါ နည်းမှီ၍ စဉ်ရမည်။

http://www.dhammadownload.com

ကြာကာရန္တပုလ္လိင်နာမ်ပုဒ်များ

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
အဂ္ဂိ၊ ဇောတိ	မီး	အဟိ	မြွေ
မသိ	မင်၊ မီးသွေး	ကုဏ္ဍ	ဝမ်းပိုက်
မုနိ၊ ယတိ	ရဟန်း	မုဋ္ဌ	လက်သီးဆုပ်
ကျသိ	ရသေ့	ပါဏိ	လက်
ကဝိ	စာဆိုပညာရှိ	ဇောန္ဒိ	ကိုယ်
သေဋ္ဌိ	သူဋ္ဌေး	ဉတိ	ဆွေမျိုး
ဂဟပတိ	အိမ်ပိုင်ရှင်၊ သူကြွယ်	ပတိ	လင်
သေနာပတိ	စစ်သူကြီး	အတိထိ	ဧည့်သည်
အဓိပတိ	အကြီးအမှူး	သာရထိ	ရထားထိန်း
ဒီပိ	သစ်	အရိ	ရန်သူ
ကိမိ	ပိုးကောင်	ဂိရိ	တောင်
အသုစိ	သုက်သွေး	မဟေသိ	ဘုရား
ကပိ	မျောက်	အာဒိ	အစ
အသိ	ဓား၊ သန်လျက်	ဂဏ္ဌိ	အထုံးအဖွဲ့၊ ခက်ဆစ်
ရာသိ	အစုအပုံ	ဗလိ	အခွန်အတုတ်
သန္ဓိ	အဆက်အစပ်	သာလိ	သလေး (ကောက်ကြီးစပါး)
နိဓိ	မြှပ်နှံထားသောဥစ္စာ		
မဏိ	ပတ္တမြား	ဝီဟိ	ကောက်လတ်စပါး
ဗျာဓိ	အနာရောဂါ	ဩဓိ	အရေးအသား၊
ဗောဓိ	ဗောဓိပင်	ကေသိ	ကေသိမည်သော မြင်းဆရာ
ဓနိ	အသံ		
ဝိဓိ	အစီအရင်	သာတိ	သာတိမည်သော ရဟန်း
ကလိ	ချွတ်ယွင်းခြင်း		
ဇလဓိ	သမုဒ္ဒရာ	ဟရိ	ရွှေအဆင်း
နိရုပဓိ	ဥပဓိမရှိ	တိမိ	တိမိမည်သောငါးကြီး
အဋ္ဌလိ	လက်အုပ်	ဝရမတိ	မြတ်သောပညာရှိ
ရဝိ	နေ	သမာဓိ	တည်ကြည်မှု
ဥဒဓိ	သမုဒ္ဒရာ	ဝတ္ထိ	ဆီးစ

http://www.dhammadownload.com

မှတ်ချက် ။ ။ ကုစ္ဆိသဒ္ဒါ၊ ဝတ္ထိသဒ္ဒါတို့သည် ကွတ္ထိလိင်၊ ပုလ္လိင်နှစ်မျိုးရှိကြသည်ဟု အဘိဓာန်၌ ဆိုပါသည်။

ဤကာရန္တပုလ္လိင်နာမ်ပုဒ်များ

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ဒက္ခီ	တုတ်ရှိသူ	ဂါမဝါသီ	ရွာသား
ယောဂီ	ရသေ့၊ တရားအားထုတ်သူ	နဂရဝါသီ	မြို့သား
ဝေရီ	ရန်သူ	ဓမ္မကာရီ	တရားကျင့်သူ
သာမီ	အရှင်သခင်	ပါပကာရီ	မကောင်းမှုပြုသူ
မန္တီ	အမတ်၊ တိုင်ပင်ခြင်းရှိသူ	သသီ	လ
ကုဋ္ဌီ	အနူ	သိခီ	ဥဒေါင်း
ကုသလီ	ကုသိုလ်ရှိသူ၊ ကျန်းမာသူ	ဟတ္ထီ	ဆင်
ဒန္တီ	ဆင်	ဓမ္မီ	တရားရှိသူ
ပက္ခီ	ငှက်	ဉာဏီ	ဉာဏ်ရှိသူ
ဇန္ဒီ	ရသေ့	စက္ခီ	စက်ရှိသူ
ပါဏီ	သတ္တဝါ	ရဋ္ဌီ	နိုင်ငံရှိသောမင်း
မေဓာဝီ	ပညာရှိ	ဆတ္တီ	ထီးရှိသူ
ဂါမဏီ	ရွာသူကြီး	မာလီ	ပန်းရှိသူ
ဒါဠီ	ကြင်စွယ်ရှိသူ၊ ခြင်္သေ့	ဝမ္မီ	စစ်ဝတ်တန်ဆာရှိသူ
ဂဏီ	ဂိုဏ်းဆရာ	ဘာဂီ	အဖို့ရှိသူ
သံယီ	သံယဉ်ကွဲ	ဘောဂီ	စည်းစိမ်ရှိသူ
ဂါမီ	သွားလေ့ရှိသူ	ကာမီ	အလိုရှိသူ
ရောဂီ	ရောဂါရှိသူ	ဓဇီ	အလံ, တံခွန်ရှိသူ
သုခီ	ချမ်းသာရှိသူ	ယာနီ	ယာဉ်ရှိသူ
ဒုက္ခီ	ဆင်းရဲရှိသူ	ကရီ	နှာမောင်းရှိသောဆင်
စာရီ	ကျင့်လေ့ရှိသူ	မုသလီ	ကျည်ပွေ့ရှိသူ
စာဂီ	စွန့်ကြဲလေ့ရှိသူ	ဗလီ	အခွန်အတုတ်ရှိသူ

http://www.dhammadownload.com

ပါဠိဒ်	မြန်မာ	ပါဠိဒ်	မြန်မာ
ဒီဃဇိဝီ	အသက်ရှည်သူ	ဓမ္မဝါဒီ	တရားကိုပြောလေ့ရှိသူ
သီဃယာယီ	လျင်စွာသွားလေ့ရှိသူ	ဘူမိယာယီ	မြေ၌အိပ်လေ့ရှိသူ

ဥကာရန္တပုလ္လိင်နာမ်ပုဒ်များ

ဘိက္ခု	ရဟန်း	ပသု	သားကောင်
ဂုရု၊ ဂရု	ဆရာ	ဖရသု	ပုဆိန်
ဗန္ဓု	ဆွေမျိုး	ကဋ္ဌု	ဇွန်း၊ ယောက်မ
သတ္ထု	ရန်သူ	ဥဿု	ကြံ
ဘာဏု	နေမင်း	မစ္ဆု	သေခြင်း
သေတု	တံတား	ရုရု	ဆတ်သတ္တဝါ
ကေတု	အလံ၊ တံခွန်	ဗဟု	အများ
ဟေတု	အကြောင်း	ဇန္တု	သတ္တဝါ
ဝေဠု၊ ဝေဏု	ဝါး	ပဋု	လိမ္မာသူ
သာနု	တောင်အပြင်	ပဂ္ဂု	ဆွံ့သူ
မေရု၊ နေရု	မြင်းမိုရ်တောင်	ကာရု	လက်သမား
သိန္ဓု	သမုဒ္ဒရာ	ကုမု	မီးစာ
